စိတ်ကူးချိုချိုအနုပညာ

# ပီ-မိုးနင်း

## ဝတ္ထုပဒေသာအမှတ်-၃



mgyoe.com

mgyoe.com



ပီ–မိုးနင်း

ဝတ္ထုပဒေသာအမှတ်–၃

pmn0003
1000.00 Ks

ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး | ဒို့အရေး |

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နိုင်ငံရေးဦးတည်ချက် (၄) ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး၊
* အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး၊
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး၊
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး၊

စီးပွားရေးဦးတည်ချက် (၄) ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး၊
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး၊
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်း ရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး၊

လူမှုရေးဦးတည်ချက် (၄) ရပ်

* တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး၊
* အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊
* တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး၊

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

mgyoe.com



# ဓိ-မိုးနှင်း

# ဝတ္ထုပဒေသာအမှတ်-၃

၂၀၀၈ ခုနှစ်၊ မေလ
ပထမအကြိမ်

mgyoe.com

mgyoe.com

စကားလုံးအသုံးအနှုန်း လွယ်လွယ်နှင့်
လိုရင်းကို ထိထိမိမိရေးနိုင်သော
ကွယ်လွန်သူ ဆရာကြီး ပီ-မိုးနင်း၏
ပြောင်မြောက်သော အရေးအသားကို
ဖတ်ရှု လေ့လာ မှတ်သား ခံစားဖွယ်
ဝတ္ထုတိုများ စုစည်းမှု တတိယတွဲ။

ပီမိုးနင်းဝတ္ထုပြင်ဒေသစာအမှတ်-၃

ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၅၀၀၁၇၉၀၂၀၈ နှင့်

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၁၂၇၀၃၀၈ တို့ဖြင့်

မျက်နှာဖုံးဒီဇိုင်းကို (ပန်းချီအောင်ကျော်)ရေးဆွဲပြီး ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာအုပ်တိုက်၊ ၈၅၊ ၁၆၄ လမ်း၊ တာမွေ၊ ရန်ကုန်နှင့် ပုံနှိပ်သူ- ဦးနိုင်ဦး၊ ငွေပြည်တော်ပုံနှိပ်တိုက်၊ သိမ်ဖြူလမ်း၊ ရန်ကုန်တို့က ပထမအကြိမ် စောင်ရေ - ၅၀၀ ရိုက်နှိပ်ကာ ၂၀၀၈ ခု၊ မေလတွင် တန်ဖိုး ၁၀၀၀ ကျပ်ဖြင့် ဖြန့်ချိသည်။

စာအုပ်ချုပ် - ကိုမြင့်

mgyoe.com

mgyoe.com

# မာတိကာ


၁။ စိန်လက်စွပ် ၁

၂။ စိန်ဝတ်ချင်လို့ ၂၃

၃။ ဒလဘက်သီး သုံးလုံး ၃၅

၄။ အိပ်မိန်းချင်း ၅၇

၅။ ကျောက်ဆင်းတု ၆၃

၆။ တကယ့်အချစ် ၈၁

၇။ ရွှေသစ္စာ ၁၀၅

၈။ ဘေဘီအော်စတင် ၁၃၇

၉။ တောင်ပေါ်ကခွေးဝံတွေ ၁၆၅

၁၀။ စိန်စိန့်မာန ၁၈၅

၁၁။ နှမချင်းမစာ ၂၀၅


mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# စိန်လက်စွပ်

ဆရာမ မစိန်သည် စာအုပ်ထည့်သောလက်ဆွဲခြင်းကလေးကို ကိုင်လျက် မြင်းရထားပေါ်မှ ဆင်း၍လာပြီး သုံးထပ်တိုက်အပေါ်ဆုံးထပ် မိမိ၏အခန်းကလေးကို စိတ်အားထက်သန်စွာ မော်၍ကြည့်ပြီး မိမိကိုစိုက်ကာ ကြည့်၍နေဟန်ရှိသော ပွင့်လျက်ရှိသော ပြတင်းပေါက်၏ မည်းမှောင်သောမျက်လုံးကို မြင်ရသောအခါ လှပသောမျက်နှာကလေးမှာ ညှိုးငယ်၍သွားပြီး အားလျော့သောခြေလှမ်းနှင့် လှေကားရှိရာသို့ ကပ်သွားလေ၏။

လှေကားခြေရင်း၌ရပ်ကာ နောက်မှလိုက်လာသော မြင်းရထားကုလားအား ပိုက်ဆံသုံးမူးကို ထုတ်၍ပေးပြီး လှေကားပေါ်သို့ အေးဆေးသောခြေလှမ်းများနှင့် အားယူကာ တက်သွားလေ၏။

မစိန်မှာ ဘောင်းဘီဝတ်၊ ဂါဝန်ဝတ်ကလေးများ၏ ကျောင်း၌ လေးတန်းမှ ဆယ်တန်းသို့တိုင်အောင် မြန်မာစာကို သင်ပေးရသော ကျောင်းဆရာမကလေး တစ်ယောက်ဖြစ်ရာ အသက် ၁၈ နှစ်အရွယ် နုနယ်သူကလေးမှာ အလုပ်နှင့်မမျှသဖြင့် အမှန်ပင်ပန်း၍ လာလေ၏။

လှေကားကိုတက်ရင်း *'ကိုလှသိန်း မလာပါဘူးထင်ပါရဲ့၊*

mgyoe.com

*ဘာလာမလဲလေ ငါ့ဆီကို ဂုဏ်ပျက်ခံပြီးလာမှာ မဟုတ်ပါဘူး၊ ငါ့မှာ အညတရကျောင်းဆရာမကလေး၊ သူ့မှာတော့ သူဌေးသား ငါ့ဆီကို လာရင် လူသူလေးပါးမြင်ပြီး မဲ့ကြ၊ ရွဲ့ကြ၊ ကဲ့ရဲ့ကြမှာကို စိုးမှာပါပဲ၊ ပြီးတော့လည်း သူ့ဦးလေးက သူ့ကို သဘောမကျရင် ပစ္စည်းတွေကို တစ်ပြားမှ မပေးဘဲနေမှာပဲ၊ ဒါတွေကို ငဲ့ပြီး မလာတဲနေတာ ထင်ပါရဲ့၊ သို့သော်လည်း ကိုလှသိန်းဟာ အင်မတန်မှကတိတည်တာမို့ တစ်နည်းနည်းနဲ့တော့ ကြံပြီးလာဖို့ရှိတာပဲ'* စသည်ဖြင့် တွေးလေ၏။

လှသိန်းမှာ ဖခင်ကွယ်လွန်အနိစ္စရောက်ခဲ့ရာ အသက်အရွယ်ငယ်ရွယ်သူမို့ ပစ္စည်းဟူသမျှကို ဦးလေးဖြစ်သူ ဦးဘသိန်းက ကွယ်လွန်သူ၏အလိုအတိုင်း အကုန်အစင်ထိန်းအုပ်၍နေရလေ၏။ အရွယ်မရောက်သေးသော သားယောကျ်ားကလေးများအတွက် သုံးစားမကုန်နိုင်၊ များပြားသောပစ္စည်းဥစ္စာ အစုအပုံကြီးကို ထားခဲ့ခြင်းသည် သားသမီးကို ရန်သူ၏လက်တွင်းသို့ ချခဲ့သည်နှင့် တူပေသည်ဟု ကွယ်လွန်သူ သူဌေးမင်း ဦးဘညိန်း၏ စိတ်၌ သဘောရရှိခဲ့သဖြင့် ညီဖြစ်သူ ဦးဘသိန်းအား လွှဲအပ်ခဲ့ခြင်း ဖြစ်လေ၏။ ဦးဘသိန်းမှာ ဦးဘညိန်း၏ လက်ရုံးဖြစ်ခဲ့လေရာ ဦးဘသိန်း၏ အလုပ်များ၌ များစွာ ကူဖော်လောင်ဖက်ရခဲ့သည်ဟု အများက အယူရှိကြလေ၏။ ဦးဘညိန်းကိုယ်တိုင်ကလည်း ထိုကဲ့သို့အယူရှိလေ၏။ သို့သော်လည်း ဦးဘသိန်းမှာ ကူဖော်ထက် လောင်ဖော်ရခြင်းက ပိုမိုခဲ့သည်ကို မည်သူမျှ မသိကြ။ ဦးဘညိန်းကိုယ်တိုင် အနည်းငယ်မျှကလေးသော်မှ ၎င်းအပေါ်၌ မယုံမကြည် မသင်္ကာ မဖြစ်ခဲ့ပေ။ စင်စစ်မှာ ဦးဘညိန်း၏ ပစ္စည်းများမှာ ဦးဘသိန်း အလိမ္မာဉာဏ်သုံး၍ တိတ်တဆိတ် ဖြုန်းတီးခဲ့သော်လည်း အရာမယွင်းနိုင်အောင် ကြီးမားသောအရှိန်နှင့် တိုးတက်ခဲ့လေ၏။ နောက်ဆုံး၌ ဦးဘညိန်း ကွယ်လွန်အနိစ္စရောက်သောအခါ

mgyoe.com

ယုံကြည်လက်စရှိသော အစ်ကိုသည် သားကလေးနှင့်တကွသော ပစ္စည်းအစုအပုံကြီးအတွက် သစ္စာရှိသောအထိန်းအစောင့်တစ်ယောက် ရှေးကုသိုလ်ကံကြောင့် ငါ့မှာရရှိခဲ့တာပဲဟု စိတ်ချကာ လွှဲခဲ့ခြင်း ဖြစ်လေ၏။

လှသိန်းသည် ဦးလေးကို ဖခင်လို သဘောထားကာ ကာလ သား လူပျို လူရွယ်ကလေးပင်ဖြစ်၍လာသော်လည်း ဦးလေးထံမှ လက်ဖြန့်ကာ တောင်း၍ သုံးရလေ၏။

တစ်ကြောင်းမှာလည်း ဖခင်၏အလုပ်အကိုင်များအကြောင်းကို ဦးလေးဖြစ်သူသာ အကုန်အစင်သိကာ လှသိန်းမှာ ဦးလေးက ပုံ၍ လွှဲပါလျှင် ဘာကိုလုပ်ရမည်ကိုမျှ မသိနိုင်အောင်ဖြစ်၍နေသဖြင့် အလုပ်များကို နားလည်တတ်မြောက်ဖို့ရန် ဦးလေး၏အခိုင်း အစီအမံ ကိုသာ ခံ၍နေရလေ၏။

ဆရာမ မစိန်မှာ ကောလိပ်ကျောင်း၌ လှသိန်းနှင့်အတူတူ နေခဲ့ ရသည့်အခါမှစ၍ ချစ်ခင်ခဲ့ကြရာ ယခုအခါ၌ကား အချိန်အရွယ်က သင်ပြလာသဖြင့် ရိုးရိုးသူငယ်ချင်းလို ချစ်ရာမှ အငွေ့အသက် တစ်မျိုး ပြောင်းကာ အချစ်၏အဖူးအငုံကလေးများ ပွင့်အာသလို နှစ်ယောက် စလုံးမှာ ပွင့်အာစပြုလေ၏။

မစိန်မှာ ကောလိပ်ကျောင်း၌ နေရသော်လည်း ကြာကြာမနေ ရ။ မိဘကွယ်လွန် အနိစ္စရောက်သဖြင့် ပညာကို ဆက်လက်၍ မသင် နိုင်ဘဲ ကျောင်းမှထွက်ကာ ကိုယ်တိုင်အစွမ်းအစကလေးနှင့် အသက် ကိုမွေးရင်း ကြီးပွားတိုးတက်ခြင်း၏လမ်းကို ခက်ခဲစွာ ထွင်းဖောက်၍ နေရသူကလေးတစ်ယောက် ဖြစ်လေ၏။

လှသိန်းသည် မိမိ၏သူငယ်ချင်းမကလေးအား များစွာ ကူညီ ထောက်ပံ့ချင်သော်လည်း ငွေကြေးအစုအပုံကို အစိုးမရသောကြောင့်

mgyoe.com

မတတ်နိုင်ဘဲနေခဲ့လေ၏။ ယခုမှာ အချစ်၏ မှည့်ဝင်းခြင်းကိုသိ၍ လာသောအခါ တစ်သီးတခြားထောက်ပံ့ရန်မလို၊ အမြဲတစ်သက်ပန် လုံး ထောက်ပံ့ဖို့သာ ရှိလေတော့သတည်း။

မစိန်သည် တံခါးကို မရဲတရဲတွန်း၍ ကြည့်လိုက်သောအခါ ဝမ်းသာလုံးဆို့လျက် မွှန်၍ သွားလေ၏။

ထို့နောက် *'အမယ်လေး ကိုလှသိန်းရယ်၊ ခတ်မီးကလေးများမှ ဖွင့်ဖော်မရဘူး၊ တစ္ဆေလို ငုတ်တုတ်ကြီး'* ဟု ပြောရင်း အပြေးကလေး သွားလေရာ မှောင်ထဲတွင် ကုလားထိုင်တစ်လုံးပေါ်၌ ငုတ်တုတ်နေ သောသူ၏သန်မာသောရင်ခွင်ထဲသို့ ရောက်၍သွားလေသတည်း။

အတန်ငယ်ကလေးကြာမှ လေသံကလေးနှင့်

*'မလာတော့ဘူးလားလို့၊ ကျွန်မအခန်းကိုကြည့်တော့ မှောင်နေ တာမြင်တာနဲ့ မောသွားတာပဲ'* ဟု ခတ်မီးကို ဖွင့်ရင်း ပြောလေ၏။

ခတ်မီးရောင်သည် အခန်းမှာ ပြည့်လျှံသွားလေရာ စိတ်ကူး လွန်စွာယဉ်သော အိမ်ရှင်၏ အထိမ်းအမှတ် လက်ရာတို့ကို မောင်လှသိန်းသည် အံ့သြချီးမွမ်းသော မျက်နှာထားနှင့်ကြည့်လျက် လှပကျက်သရေရှိသောအခန်း၏ ဆင်ယင်ထားပုံနှင့် ဆင်ယင်တတ် သူကလေး၏ မျက်နှာကို နှိုင်းယှဉ်၍နေလေ၏။

*'လာမယ်လို့ ကတိထားပြီးမှ မလာဘဲ နေပ့ါမလား ဆရာမရဲ့'*

*'အမယ်လေး လုပ်နေပြန်ပါပြီ၊ ဆရာမလေး ဘာလေးနဲ့'*

'နို့ ဆရာမလို့ မခေါ်ရရင် ဘယ့်လိုခေါ်ရမှာလဲ'

'နာမည်ကို *ခေါ်ပါလား*' ဟု ချစ်ဖွယ်သော နှုတ်ခမ်းကလေး များကို စူကာ မျက်စောင်းထိုး၍ ပြောလေ၏။

လှသိန်းသည် ပြေပြစ်လှပနူးညံ့သိမ်မွေ့လှသော လက်ကလေး ကိုဆွဲကာ မိမိ၏ ပေါင်ပေါ်၌ ထိုင်စေမည်ပြုရာတွင် ဆရာမလေးက

mgyoe.com

mgyoe.com

*'နေပါဦး၊ မောမောပန်းပန်းနဲ့ ရေကလေးဘာကလေးချိုး လိုက်ပါရစေဦး'* ဟု ပြောရင်း နောက်ဖေးသို့ထ၍ ပြေးသွားလေ၏။

အတန်ငယ်ကြာသောအခါ လေမီးဖိုကလေးမှာ တစ်ရှဲရှဲမြည် လျက် ရေချိုးခန်းမှ ရေသံများသည် ရေနွေးဆူသံနှင့် ရောစပ်၍နေ လေ၏။

ထို့နောက် နှစ်ယောက်သား စားပွဲငယ်ကလေးတစ်ခုမှာ ယှဉ် လျက်ထိုင်ကာ လက်ဖက်ရည်သောက်၍ နေကြလေသတည်း။

'ဘာပြုလို့ မလာဘူးထင်တာလဲ'

*'လူသူလေးပါးမြင်ရင် ပြောကြဆိုကြမို့ ပြောတာပါ'*

'ဘာပြောစရာရှိသလဲ စိန်ရယ်၊ စိန် အခုတစ်ယောက်တည်း ဆင်းရဲလို့ ကျောင်းဆရာမကလေးလုပ်ရပေမယ့် မျိုးရိုးဇာတိရှိပါသေး တယ်၊ မျိုးရိုးဇာတိမှာ ကိုကို့ထက် သာပါသေးတယ်၊ ကိုကိုက မိဘရဲ့ ဂုဏ်နဲ့ မမြဲတတ်တဲ့ပစ္စည်းဥစ္စာကလေး သာတာပါ။ ဒါလည်း စိန် သိရင် စိတ်ပျက်စရာကြီးပဲ'ဟု သာယာသောမျက်နှာမှာ မေးမှိန်လျက် ပြောပြီး လက်ဖက်ရည်ပန်းကန်ကို ကိုင်လျက် မစိန်၏မျက်နှာကို စိုက်ကာကြည့်ရင်း စဉ်းစား၍နေလေ၏။

'စိန်'

*'ဘာလဲ ကိုကို'*

'ကိုကိုမှာ ဘာမှ မရှိဘူး၊ အခုလူလုံးချည်းပဲ'

'ဘာဖြစ်လို့လဲ'စိန်သည် မယုံမကြည်ဖြစ်၍ နေလေ၏။

'ငနဲကြီးက ဂွလုပ်နေတယ်၊ စကားပြောမတည့်ဘူး၊ အခု ငွေလည်း တောင်းလို့မရဘူး။ ဘာမှမဆိုင်ဘူးတဲ့။ ဖေ့ဖေ့ပစ္စည်း တွေဟာ သူ့ကြောင့်ဖြစ်တာ။ သူသာဆိုင်တယ်လို့ ပြောနေတယ်'

*'ဟင်၊ ဘယ့်နှယ်ဖြစ်တာလဲ'*

mgyoe.com

mgyoe.com


'ဒီလိုပါစိန်ရဲ့၊ မိတ်ဆွေတစ်ယောက် မြင်းရှုံးလို့ ရှုံးတဲ့ငွေက လည်း အလုပ်တိုက်ကငွေဖြစ်နေတာနဲ့ အလုပ်ပြုတ်ရုံမက ထောင်ကျ မလိုဖြစ်နေသည့်အတွက် စိန်လက်စွပ်ကို ချွတ်ပေးလိုက်တယ်။ ဒါနဲ့ ဆူတာပဲ။ မြင်းလောင်းပစ်တာလို့ စွပ်စွဲပြီး ဒီပစ္စည်းတွေကို လွှဲပေး လိုက်ရင် ကုန်မှာကို စိုးရိမ်တဲ့အနေနဲ့ ဖယ်ထုတ်ထားတာပဲ။ ကိုကို သိပါတယ်။ ဖယ်ထုတ်ချင်လို့ တမင်အပြစ်ရှာနေတာ ကြာပါပြီ'

*'ဒီပစ္စည်းတွေထဲမှာ သူ့ အချို့အဝက်ဆိုင်သလား'*

'ဖေဖေက ရှယ်ရာနည်းနည်းပါးပါး ခွဲပေးတယ်လို့တော့ ကြား တာပဲ။ နည်းနည်းပါးပါးတော့ ပါမှာပေါ့၊ အခုတော့ သူက အကုန် သူ့ဟာချည်းလုပ်ချင်နေတာ'

*'ဒီလိုဖြင့် လောဘဇောတိုက်တာပေါ့။ ပြောလို့မရတော့ဘူး လား'*

'သူ့ကို ယုံခဲ့လို့ အကုန်ပုံထားခဲ့တော့ သူ့လက်သူ့ခြေ သူလုပ် တိုင်း ဖြစ်နေတာပဲ။ ရှေ့နေတွေဘာတွေနဲ့ သူထင်သလို အနိုင်ကြဲနေ တာပဲ'

*'ဒါတွေခက်တာပဲ၊ သားကိုမယုံ၊ ညီကိုယုံလို့ သားဒုက္ခ ဖြစ်ရ မလိုကျနေတာပေါ့'*

ဟိုတုန်းကတော့ ကိုကိုကလည်း ငယ်သေးတာကိုး၊ ကိုကို လူလားမြောက်အောင် သူကြည့်ရှုပြီး ပညာကလေးဘာကလေး သင်ပေးဖော်ရတာ အများကြီးကျေးဇူးတင်ရမလိုကျနေတာပဲ၊ ဖေဖေ ကတော့ သူ့ညီကို သူ့လိုရိုးတယ် ထင်တာကိုး'

*'မှားတာပဲ၊ အစိုးရကိုဖြစ်ဖြစ် ခိုင်လုံတဲ့ကုမ္ပဏီကြီး တစ်ခုခု ကိုဖြစ်ဖြစ် ခိုင်ခိုင်လုံလုံလွှဲခဲ့ရင် ကိုကို အခုလို ဖြစ်မှာမဟုတ်ဘူး။ စိန် ကြားဖူးတာဖြင့် ပစ္စည်းဥစ္စာအမြောက်အမြားနဲ့ အရွယ်မရောက်*

mgyoe.com

*သေးတဲ့ကလေးများ ကျန်ရစ်ရင် ပစ္စည်းထိန်းတဲ့ကုမ္ပဏီများကို ကိုယ်စားလှယ်အဖြစ်နဲ့ ကလေးများကို ကြည့်ရှုနေရာချထား စောင့်ရှောက်ဖို့ လွှဲနိုင်တဲ့ နည်းလမ်းရှိတယ်လို့ ကြားဖူးတာပဲ'*

'ဖေဖေက သိပ်ရိုးတာစိန်ရဲ့၊ ဒါမျိုးကို သတိထားမိဟန် မရှိဘူး။ ဒါထက် ဒီလိုဖြင့် ကိုကို ဘယ်နဲ့လုပ်မလဲ၊ ကိုကို သူနဲ့မပြိုင်နိုင်ဘူး။ သူ့လက်ထဲမှာ ငွေကြေးရှိနေတော့ တရားတွေ့ရင်လည်း သူသာနိုင်မှာပဲ။ ငွေများတရားနိုင်ဆိုတဲ့စကားဟာ အခုကာလမှာမှ ပေါ်တဲ့စကား မဟုတ်ဘူး စိန်ရဲ့၊ အခုအနေပုံတော့ ဒီအရပ်မှာ မနေဘဲ ပြေးဖို့သာရှိတာပဲ'

*'မဟုတ်တာပဲကိုကိုရယ်၊ ဒီလောက်တောင်လည်း မဖြစ်နိုင်ပါဘူး။ ကိုကို ဘာပြုလို့ ပြေးရမလဲ'*

'နို့ မပြေးရင် စိန်ကကျွေးထားနိုင်မလား'

*'ကိုကို အကျွေးခံရင် စိန် ကပြီး ကျွေးမှာပေါ့၊ ကိုကိုက မနေရင် သာပေါ့'*

'မနေနိုင်ဘူး၊ ကလည်းမကာ၊ ခုန်လည်းမခုန်ပါနဲ့၊ ကိုကို ကိုတော့ ကန်ထုတ်လိုက်ပြီး လူမသိအောင် ကြိတ်ခံမှ ဖြစ်မှာပဲ။ လူသူလေးပါး သိရင် သူလည်းမကောင်းဘူး။ ကိုကိုဂျပိုးဖြစ်တာလည်း လူသူလေးပါး သိရုံရှိမှာပဲ။ ဖြစ်ပျက်ပုံကို အများသိကြရင် မည်သူမျှ မသနားမကူညီဘဲ အလကားလူဖြစ်တာကိုသာ သိကြပြီး အများကြီး ဝမ်းမြောက် ဝမ်းသာဖြစ်ကြရုံရှိမှာပဲ၊ သည်အတွက် ကိုကို တော်ရာကိုပြေးဖို့ ရှိတော့ တာပဲ'

*'ကိုကို ဘယ်ကိုပြေးမလဲ၊ ပြေးရင် စိန်လိုက်မှာပဲ'*

'စိန်လိုက်လို့ ဘာဖြစ်မလဲ၊ ကိုကို့ စိတ်မှာ မိဘပစ္စည်းဥစ္စာနဲ့လည်း လူမလုပ်ချင်ဘူး၊ ကိုယ်စွမ်းကိုယ်စနဲ့ လူလုပ်ချင်တာမို့ ဒီဦးလေး

mgyoe.com

mgyoe.com


တစ်ယောက် အခုလို ပြုလုပ်လိုက်ခြင်းဟာ ကိုကို့ အစွမ်းသတ္တိတွေ ပေါ်ထွက်ဖို့ဖြစ်တာပဲ။ သည့်အတွက် ကျေးဇူးတင်ရမလို ဖြစ်နေတာပဲ။ ထီပေါက်လို့ရတာ၊ မိဘအမွေရတာ ရွှေအိုး၊ ငွေအိုး ကောက်ရတာဟာ ကိုကို့စိတ်မှာ လူစ တုံးအောင်လုပ်တာမျိုးတွေပဲလို့ အောက်မေ့တာပဲ၊ ဒင်း မတရားပြုသည့်အတွက် ကိုကို လူစွမ်းကောင်း ဖြစ်လာတာကို ပြပြီး သေရရင် ပစ္စည်းခြောက်သိန်းကျော်ကိုရတာထက် ပိုပြီး အဖိုးတန်မှာပဲ.....’

‘ကိုကိုသွားရင် စိန်လိုက်မှာပဲ’

‘မလိုက်ရဘူး၊ ကိုကို့ အကြံအောင်လို့ စိန့်ကို နန်းတော်ကြီး ခန်းရှင်းခေါ်တဲ့အိမ်တော်ကြီးနဲ့ ထားနိုင်တဲ့အခါကျမှ စိန့်ကို ကိုကိုနဲ့ အတူနေဖို့ အခွင့်ပေးမယ်။ ကိုယ်စွမ်းသမျှဟာတွေလည်း စိန့်အတွက်ပါပဲ။ သည်တော့ကာ ကိုကို အထမြောက်အောင်မြင်ပါစေဆိုတဲ့ ဆု တစ်ခုကိုသာ တောင်းရစ်ပါ’

မစိန်မှာ မျိုတော့မည်ဆဲဆဲ လည်ချောင်းသို့ ရောက်၍နေသော ကိတ်မုန့်ကလေးကို မမျိုနိုင်အောင်ဆို့၍လာသော်လည်း မောင်လှသိန်း သိပြီး စိတ်မကောင်းဖြစ်မှာကို စိုးသဖြင့် ကြိုးစား၍ မျိုလိုက်ရလေ၏။ မျက်လုံးများစွာမှာ ဝေလျှံ၍လာသော မျက်ရည်အစအနကလေးများမှာ ဓာတ်မီးရောင်နှင့်တွေ့လျှင် သိသွားမည်ကို စိုးသဖြင့် ခေါင်းငုံ့ကာ လက်ဖက်ရည်ပန်းကန်ကိုသာ စိုက်လျက် ကြည့်၍နေလေ၏။

နှစ်ယောက်စလုံး ဆိတ်ငြိမ်၍ နေကြလေသတည်း။

ထိုနောက် မစိန်သည် အားယူလျက် ဏ္ဍွေကို တတ်နိုင်သမျှ ဆောင်ကာ ပြောင်းလဲဖော့ပြန် ဂရုဏာဒေါသနှင့် ဝေလျှံသောအသံ ကလေးဖြင့် ပြောသည်ကား .....

‘ကိုကို ... ဘယ်ကို သွားမလဲ’

mgyoe.com

'ကိုကို မြန်မာပြည်မှာ မနေဘူး၊ အခြေကျတဲ့အရပ်ကို နေရာတကျရောက်မှ စာရေးလိုက်မယ်၊ ကိုကို့အတွက် ဘာမှမပူနဲ့၊ ဟောဒီပထဝီမြေ မိခင်ကြီးဟာ သောက်သုံးလို့ မကုန်နိုင်တဲ့ရင်နို့ကို ပေးတာမို့ ကိုကိုမှာ ကျန်းမာသန်စွမ်းတဲ့ ကိုယ်၊ လက်၊ မျက်လုံးရှိသမျှ အစွမ်းကိုသုံးပြီး အဲဒီနို့ရည်စုတ်ယူပြီး မလိုင်ခရင်၊ အဆီဥကလေးများကိုသဲ့ယူပြီးမှ စိန့်ကို ကိုကို ခေါ်ယူပါ့မယ်၊ ကိုကိုမရှိခိုက်မှာ ကိုကို့ကို တစ်နေ့မှမမေ့ဘဲ တွေးမြော်နေတဲ့အချစ်ပန်းကလေးတစ်ခုဟာ အညှာမှမပြုတ်၊ တောင်လေမြောက်လေမုန်တိုင်းတွေ ချိ၍ သုတ်သော်လည်း အညှာမှာမြဲခိုင်ပြီးနေပါကလားဆိုတဲ့ မျှော်လင့်ခြင်းရိက္ခာကလေးကိုသာ ကိုကို အမြဲရပါစေ၊ မသေလျှင် ရွှေထီးမှာ စံရအောင် ကြိုးစားဖို့ အမိဝမ်းမှ မွေးလာတဲ့ ယောကျ်ားကောင်းတစ်ယောက်ဖြစ်ပါတယ်၊ ကိုကို စိတ်ချရပါ့မလား'

*'ဒါအတွက် စိန်ကို မေးဖို့ မလိုပါဘူး.....၊ ကိုကို့လို ယောကျ်ားကောင်းတစ်ယောက်ဟာ ရောက်ရာမှာ တံခါးကို ဟာလာဟင်းလင်းဖွင့်ပေးမယ့်ဆောင်တော်ကူးမတွေနဲ့ တွေ့မှာကိုသာ စိန်အမြဲစိတ်ပူပြီး တမျှော်မျှော်နေရမှာပါပဲ'*

'ကိုကို စိန်နဲ့နီးနီးကပ်ကပ် တွေ့ခဲ့ရတာ ငါးနှစ်ကျော်ပြီး၊ ကိုကို ပြစ်မှုတစ်စုံတစ်ရာ ပြုဖူးသလား'

'မှန်ပါတယ်၊ ချီးမွမ်းလောက်ပါပေတယ်၊ စိန့်လို အလှဆုံး၊ အမွေးဆုံးယောကျ်ားဟူသမျှ၏ နှလုံးကို အထုံရနံ့ဖြင့် လွှမ်းအုပ်ကာ ဖမ်းဆုပ်နိုင်သကလေးကိုမှ လက်ဖျားနဲ့မထိဘဲ မချိမဆန့် ချုပ်တည်းပြီး နေနိုင်မှဖြင့် စိန်ခြေဖျားကို မမီတဲ့သာလာယံဇရပ်မတွေရဲ့ ရန်လောက်ကို လွယ်လွယ်ကလေးနဲ့ ခုခံတိုက်လှန်နိုင်ပါတယ် စိန်ရယ်၊ ဒါအတွက် စိုးရိမ်စရာ မရှိပါဘူး'

mgyoe.com

mgyoe.com

'ကိုကိုကလည်း တစ်ကမ္ဘာလုံး မခံနိုင်အောင် မပြောပါနဲ့၊ စိန်ကလွဲရင် သာလာယံဇရပ်ချည်း ဖြစ်ကြရတော့မှာလား ကိုကိုရဲ့'

'အားလုံးတော့ ဘယ်ဟုတ်မလဲ စိန်ရယ်၊ သာလာယံဇရပ်လို မိန်းမများကိုသာ ပြောတာပါ'

'ဒီလိုဖြင့် သာလယံမဟုတ်တာတွေနဲ့ တွေ့ရင် ဘယ့်နှယ်လုပ်မလဲ'

'ဒီတော့ မတည်းဘဲနေတာပေါ့၊ သစ်တစ်ပင် ဝါးတစ်ပင် အောက်မှာ ရူတင်ကလေး ဘာကလေး ဆောက်တည်ပြီး နေရတာပေါ့'

'တော်ပါ.....ဒါတွေ ထားလိုက်ပါဦး၊ ကိုကို အခုပြောနေတာ တွေဟာ တကယ့်ကို စိန့်စိတ်ထဲမှာ မယုံနိုင်အောင်ရှိတာပဲ၊ ဒီလိုသာ မှန်ရင် ကိုကို ခံနိုင်ပေမယ့် စိန်တော့ မခံဘူး၊ စိန်သွားပြီး.....'

'စိန် စိန်သွားပြီး ဘာလုပ်မလဲ'

'ဆူမှာပေါ့'

'ဆူရုံမက ဝေဝေ၊ ဘာမှမတတ်နိုင်ဘူး၊ စိန် သွားလို့ အလကားပဲ၊ ငနဲကြီးက သာပြီးတောင် အရွဲ့လုပ်ဦးမှာ၊ စိန်သွားဖို့ ကိုကိုလည်း အခွင့်ပေးမှာ မဟုတ်ဘူး'

စိန်စိန်သည် စဉ်းစား၍နေလေ၏။ အတန်ကြာသောအခါ.....

'ဒီလိုဖြင့် ကိုကို တကယ်သွားတော့မှာလား'

'ကိုကို ပလန်တွေထုတ်ပြီးလို့ အသင့်ဖြစ်နေပြီ၊ စိမ်းကားမှ ဘုရားဖြစ်၊ စွန့်စားမှ စီးပွားဖြစ်သတဲ့၊ ကိုကိုတော့ စွန့်ပြီးသွားတော့မှာပဲ'

'ကိုကို သွားရင် စိန် ဘယ်နဲ့လုပ်နေရမလဲ'

'စောင့်နေပေါ့'

'ဘယ်လောက်ကြာကြာစောင့်ရမလဲ'

'ကိုကိုချမ်းသာပြီး ပြန်လာသည့်တိုင်အောင် စောင့်ရမှာပေါ့'

mgyoe.com

'ဘယ်တော့ ချမ်းသာပြီး ပြန်လာမလဲ'

'ဒါတော့ ကုသိုလ်ကံပေးရင်လည်း မြန်မြန်ချမ်းသာမှာပဲ'

'ကိုကို မြန်မြန်ဆိုရင် ချမ်းသာမှာမဟုတ်ဘူး၊ ထီပေါက်သူ၊ မြင်းနိုင်သူ၊ အမွေရသူ၊ ရွှေအိုး၊ ငွေအိုးကောက်ရသူများမှ တစ်ပါး ရိုးရိုးလုပ်ကိုင်ရှာဖွေသူများမှာ မြန်မြန်ချမ်းသာဖို့ အင်မတန် ခဲယဉ်းတာပဲ'

'စိန် ပြောတာ သိပ်မှန်တာပဲ'

'မှန်ရင် ဘယ်နဲ့လုပ်မလဲ၊ စိန်လိုက်ခဲ့ရမလား'

'လိုက်ရင် စိန် ဆင်းရဲမှာပေါ့။ စိန် အခုလို အလုပ်မျိုးလည်း နောက်ကို ပြန်ရချင်မှရမယ်။ ကတိသစ္စာတည်သောအခါဝယ်၊ သြဇာ လေးနက်ပေါ်လာထွက်၊ နွယ်မြက်သစ်ပင် ဆေးဖက်ဝင်သတဲ့၊ ကိုကို ကတိသစ္စာတစ်ခုထားမယ် ... ဒီသစ္စာဟာ မှန်ရင် ကိုကို မြန်မြန် ချမ်းသာလာပြီး စိန်နဲ့ ပြန်တွေ့ရပါစေသားဆိုတဲ့သစ္စာပဲ'

'ဘယ်လို ဆိုမလဲ'

'ဒီလူ့ပြည်မှာ ဘယ်အရပ်ကိုပဲရောက်ရောက်၊ စိန်ကလွဲရင် ဘယ်မိန်းမ၊ ဘယ်အပျို၊ ဘယ်လောကချောချော၊ စိတ်နဲ့တောင်မှ မပြစ်မှားပါဘူးဆိုတဲ့ကတိထားမယ်၊ ဒီကတိမှန် မြန်မြန်ချမ်းသာပြီး စိန့်ထံ ပြန်လာရပါစေသားဆိုတဲ့ဆုပေါ့'

'သိပ်ကောင်းတဲ့ဆုပေါ့ကိုကိုရယ်၊ သည်အတိုင်းဆိုရင် စိန် နေရစ်နိုင်တာပေါ့။ နေရစ်ရုံမကဘူး စိန်ကလည်း ကိုကိုကလွဲရင် နတ်သားကလေးလိုချောသူဖြစ်ပါစေ၊ စိတ်ကတောင် မဥပါဒ်ပါဘူး၊ ဒီသစ္စာမှန်ရင် ကိုကိုနဲ့ချမ်းချမ်းသာသာ မကြာမီပြန်တွေ့ရပါစေသား ဆိုတဲ့ သစ္စာကိုဆိုပါတယ်'

'သည်အတိုင်းဆိုရင် စိန်ရယ် ကိုကို စိတ်ချလက်ချ ကြီးပွား

mgyoe.com


အောင် ကြိုးစားနိုင်တာပေါ့၊ မျက်စပ်ပိုးဝင် ဆံတစ်ပင်ကင်း ချစ်ခြင်း မယားတဲ့စိန်ရဲ့၊ စိန်နဲ့ကိုကိုမှာ မည်သူကမျှ မသိကြပေမယ့် အချစ်က ခိုင်မြဲပြီးတာမို့ စိတ်အားဖြင့် အကြင်လင်နဲ့မယား ဖြစ်နေပါပြီ။ သည်တော့ သွားရာလာရာ လုပ်ကိုင်ကြံစည်ရာမှာ နောက်ဆံတငင်ငင်ဖြစ်နေသမျှကာလပတ်လုံး အကြံအစည်ဖြောင့်နိုင်မှာ မဟုတ်ဘူး၊ သည့်ပြင်လည်း အိမ်မှာနေရစ်သူ့ကို မတော်တဆ ဖောက်လွဲဖောက်ပြန်ပြုပြီဆိုမှ ဖြင့် သွားလာရာဖွေရတဲ့လူမှာ သားအန္တရာယ်များတတ်သတဲ့၊ သည်တော့ စိန်က ဒီလိုသစ္စာကိုများဆိုရင် ကိုကိုလေ သုံးလမကြာဘူး ချမ်းသာပြီး ပြန်လာရမှာပဲလို့ ထင်တာပဲ'

*'ကိုင်း ဒီလိုဖြင့် ယခု ကိုကို သွားရတော့မှာ အမှန်ပဲလား'*

'အမှန်ပါပဲ၊ အကုန်သေချာပြီးမှ စိန့်ကို နောက်ဆုံးပြောတာပါ'

*'ကောင်းပြီ ကိုကို၊ စိန်ဟာ အချို့ အချို့မိန်းကလေးများလို ပလီကာချွဲကာ ကိုယ့်ယောက်ျားရှေ့မှာပြောပြီး ကွယ်ရာမှာ တစ်မျိုး လုပ်တတ်တာမျိုးမဟုတ်ဘူး၊ စိတ်ပူရင် ကြိတ်ပြီး ပူတာပဲ၊ ဆွေးရင် ကြိတ်ပြီး အတွင်းမှာဆွေးမှာဘဲ၊ မျက်နှာမှာတော့ သူများလို ငိုလားရယ်လား လုပ်မပြတတ်ဘူး၊ တကယ် ချစ်တာဟာ မျက်လုံးထဲက မျက်ရည်လေး တစ်စက်နှစ်စက်မှာ တည်တာမဟုတ်ပါဘူး၊ သစ္စာမှာ တည်တာပါ။ စိန် စိတ်ကို တင်းနိုင်ပါတယ်။ လာ အခုပြောတဲ့အတိုင်း ကျမ်းသစ္စာ ကျိန်ဆိုကြရအောင်၊ ဒီသစ္စာကို ဆိုပြီးတဲ့နောက် တစ်ယောက်နဲ့တစ်ယောက် ဘယ်လောက်ပင်ဝေးစေကာမူ စိတ်ချင်းဆက်ပြီးနေရာမှာမို့ဝန်လေးစရာမရှိပါဘူး၊ တစ်ဘဝကျူးတာမှမဟုတ်သေးဘဲ လား ကိုကိုရဲ့*'ဟု ပြောကာ ညောင်ရေအိုးရှိရာသို့ သွားပြီး ထိုနေ့ပင် အသစ်လဲ၍ထားသော ရေကို ဖန်ခွက်၌ ထည့်ကာ ငါးပါးသီလခံကြပြီး နတ်များကို တိုင်တည်ကာ သစ္စာဆိုကြလေ၏။

mgyoe.com

mgyoe.com


ထိုနောက် အကြာကြီးပွေ့ဖက်လျက် မခွဲနိုင်လောက်အောင် နှစ်ကိုယ်ဆက်သလိုဖြစ်ပြီးမှ အချစ်ဆိုသည့်အပင်ပျိုကလေး၏ အကိုင်းနှစ်ခုကို တအားဆွဲ၍ ခွဲရသည့်အလား နာကျည်းစွာခွဲခွာကြပြီးနောက် မောင်လှသိန်းမှာ အိမ်ပေါ်မှ ဆင်း၍လာခဲ့လေသတည်း။

* * *

## အခန်း (၂)

မစိန်သည် နောက်တစ်နေ့ ဦးဘသိန်း၏ ခမ်းနားသောအိမ်ကြီးသို့ရောက်၍သွားလေ၏။ အိမ်ရှေ့ခန်း၌ရပ်ကာ တိတ်ဆိတ်သောအခြေအနေကို ကြည့်၍နေလေ၏။ အိမ်ကြီးမှာ ဇရပ်ကြီးကဲ့သို့ ဆိတ်ငြိမ်၍နေလေ၏။ မျက်နှာကြီးကိုဖြဲလျက် စိန်စိန်ကို ကြည့်၍နေဟန်ရှိသော နာရီကြီးတစ်ခုသာ တီးတိုးစကား တဖျစ်တောက်တောက် ပုတီးစိပ်သလို ပြောမြည်နေလေ၏။

လူတစ်ယောက်ကိုမျှ မတွေ့ရ။ တန်ဆောင်းဇရပ်ကြီးနှင့် တူသော ကျယ်သောအခန်းကြီးမှာ စွန့်ပစ်ထားသောနေရာနှင့် တူလေ၏။ ထိုအိမ်ကြီးမှာ မောင်လှသိန်း၏ဖခင်ဆောက်ခဲ့သော မောင်လှသိန်း၏အိမ်ပင်ဖြစ်ကြောင်းကို ဆရာမ သိသဖြင့် ကိုလှသိန်းမှာတော့ကား တစ်ရပ်တစ်နယ်ကို သွားရတော့မယ်၊ ဒီအခြေအနေကို စွန့်ရတာဟာ အင့်မတန်မှ ခက်ခဲမှာဘဲဟု တွေးမိလေ၏။ နံရံဟူသမျှ၌ ပြောင်လက်သော ငါးမတ်တန် ကလင်ဒါ ကားတို့သည် မှန်ရောင်တောက်၍နေကြလေ၏။ ဦးဘသိန်းသည် ငွေပုံကြီးမှာ ထိုင်လျက်နေသော်လည်း 'အတင်' ခေါ် အလှပညာမျိုးကို ဝေလခေါင်း၊ ဂျော့ခေါင်းလောက် အရာရောက်ကြောင်း များစွာ ဂရုမထား။ ယဉ်ကျေးသောလူမျိုးတို့၏

mgyoe.com

mgyoe.com

လူကုံထံ အထက်တန်းစားများ ယူလေ့ရှိသော အလှပညာ ပန်းချီ ပန်းပုကို အားပေးခြင်း၊ ဂုဏ်ကိုယူရမှန်းလည်းမသိ။ အမျိုးသားတိုး တက် ယဉ်ကျေးခြင်းလမ်း၌ အရေးကြီးတစ်ခုဖြစ်သော ယဉ်ကျေးခြင်း အရာတို့၌ လူကုံထံတို့၏ တာဝန်ဝတ္တရားဖြစ်သည့် နမူနာပြခြင်းအ ကြောင်းကိုလည်း နားမလည်ချေ။ သို့ဖြစ်လေရာ ဥရောပတိုင်း၊ အိန္ဒိယ တိုင်း ဖြစ်တောက်ပြောင်သော ရှုံးကပ်ကားမျိုးတို့ဖြင့် တန်ဆာဆင်၍ ထားသည်မှာ ပန်းချီဆရာများ မျက်ရည်တောက်တောက် ကျလောက် အောင် အရောင်တောက်၍နေလေ၏။

ဆရာမကလေးမှာ ခေတ်ကာလပညာကို တတ်သဖြင့် စိတ်ကူး ယဉ်ကျေးခြင်းအရာမှာ အများတို့ထက် အတော်အတန် ရှေ့နားကျသူ ဖြစ်လေရာ ဆင်ယင်၍ထားပုံကို မြင်လျှင်မြင်ခြင်း မျက်လုံးကို သဲနှင့် ဆီး၍ ပက်သလို ဖြစ်၍သွားပြီး ဒီလို လူကြီးလူကောင်းလုပ်သူများက မှ ထူးမြတ်တဲ့မြန်မာပညာကို အားမပေးရင် ငါတို့အမျိုးသား၏ ယဉ်ကျေးခြင်းခြေလှမ်းမှာ ထူးခတ်ခံရတဲ့ ဆင်ထက်ပင် ဖင့်နှေး၍ နေဖို့သာ ရှိပေသည်တကားဟု တွေးတောကာ ဝမ်းနည်းလေ၏။ ဦးဘသိန်း၏ ဦးနှောက်မှာ ဒင်္ဂါးတွေ ကြွပ်တက်သလိုတက်ပြီးနေ သဖြင့် ရဲရင့်သော ပန်းချီလက်မှ တိုက်ရိုက်ထွက်သော အသက်သွေး ရှင်လျက်ရှိသည့် စုတ်ဆီစုတ်နှစ်တို့ကို ဘုထစ်ထူသည် မှတ်ထင်ကာ ချောချောပြောင်ပြောင် အရောင်တောက်သော ရုပ်ပုံကားမှ အကောင်း ဟု စွဲမှတ်သော အသိမျိုး၏ အဆင့်အတန်းစားဖြစ်လေရာ ဤလိုလူမျိုး တွေမှာ ဣစ္ဆာသယ လိုရာရတဲ့ ငွေလက်နက်ကို ရထားခြင်းဟာ အမျိုး သားအတွက် အနည်းငယ်မျှ ဂုဏ်တက်စရာမရှိကြောင်းကို တွေး တောကာ နှမြောသေး၏။ ပန်းချီဆရာများသည် ဤလူမျိုး၏ စိတ်ကို သိမြင်ကြချေက ပန်းချီအလုပ်ကို အများကြီးစိတ်ပျက်ကြမှာ

mgyoe.com

ပေတကားဟု ဆင်ခြင်လျက် ဤအိမ်ကို ပညာသည် လူကောင်းများ မရောက်ပါစေသားဟု ဆုတောင်းမိလေ၏။ အကြောင်းမူကား ပန်းချီ ကျော်တကာပင်ပန်းစွာ ရေးရသောကားကို မြင်လျှင် လစ်သိုရုပ်ပုံမျိုး နှင့်စံထိုးကာ ခြောက်မူးမျှပေးချင်မည့် လူကိုထံမဟုတ်ကြောင်း ဝမ်း နည်းစွာ တွေးမိလေ၏။

ခုံညားတောက်ထိန်ပြီး ကျယ်သောလှေကားကြီး၏ နံရံမှာ အရိုင်းအကြမ်း လှပဝင်းထိန်သော တောကားတောင်ကား၊ ညဈေး တန်းမှာ ချိတ်၍ ရောင်းသည့်ကားများနှင့် ပြည့်နှက်လျက်နေလေရာ လှေကားမှာ သုတ်သောအရောင်တင်ဆီမှ မပေါ်သာအောင် ပျောက် ကွယ်၍ နေလေ၏။

ဦးဘသိန်းသည်ကား ပန်းချီကျော် တစ်ယောက် ဘိလပ်က အပြန်တွင် ပန်းချီပြပွဲကြီးကို လုပ်ရာ စိတ်ကူးယဉ်ကျေးခြင်း၏အငွေ့ အသက်ကူးစက်သဖြင့် ထိုရုပ်ပုံကားများဖြင့် မိမိ၏စိတ်ကူးညဏ် မထူမအန်းကြောင်းကို ပြကာ ဂုဏ်ယူ၍ ဆွဲချိတ်ထားသောကားများ ဖြစ်ကြလေ၏။ ပြပွဲမှ ကားတစ်ချပ်လျှင် တစ်ရာ၊ နှစ်ရာပေး၍ ဝယ်သွားသောသူများကို မသိမလိမ္မာသော အရူးတွေပဲဟု စွဲမှတ်ကာ ၎င်းတို့ထက်သာသော စိတ်ကူးညဏ် ယဉ်ကျေးခြင်းကို ပြဖို့ရန် ထိုကားများဖြင့် တန်ဆာဆင်ခြင်းဖြစ်လေရာ လယ်တောမှ လာရောက် ကြသော အခိုင်းအစေတို့က ငါတို့ဆရာ အင်မတန် စိတ်ကူး ယဉ်ကျေး ပါကလားဟူ၍ ချီးမွမ်းကြလေ၏။

သို့.....မစိန် ရပ်၍နေခိုက်တွင် အစေခံတစ်ယောက် ပေါ်၍ လာသဖြင့် သူဌေးမင်းကို တွေ့လိုကြောင်းပြောလေရာ အစေခံက မချိုမချဉ် မျက်နှာနှင့် အကဲခတ်သလိုကြည့်ပြီး အတွင်းခန်း တစ်ခုထဲ သို့ ပျောက်၍ ဝင်သွားလေ၏။

mgyoe.com

mgyoe.com

နောက်မကြာမီ ကျယ်သော အတွင်းခန်းကြီးတစ်ခု၏ ထောင့်၌ လက်ပြောင်သော ပက်လက်ကုလားထိုင်ကြီးတစ်ခုပေါ်တွင် သတင်းစာကို ကိုင်လျက် နှုတ်ခမ်းပြင်ကာ ကြည့်၍နေသော၊ ခံ့ညားသော ယောက်ျားကြီး၏ ရှေ့သို့ရောက်၍ သွားလေ၏။

ထိုလူကြီးမှာ ခံ့ညား၏။ မောင်လှသိန်း၏ဦးလေးဖြစ်လေရာ ခံ့ညားသောလူမျိုးဖြစ်သည်ကား မငြင်းနိုင်ပေ။ အသက် ငါးဆယ်ကျော်ခန့်ရှိသော်လည်း မျက်နှာသားမှာ အသက်နှစ်ဆယ်ထက်ပို၍ မကြီး။ အပျော်ဖြင့်ပျော်၍ကျကုန်သော အသားအသွေးတို့၏ အရေးအမှတ်တို့မှာ မျက်နှာရှိအကြောင်းများ၌ သိသိသာသာထင်ပေါ်၍ နေလေ၏။ ၎င်းသည် လှပသောဆရာမကလေးကို မြင်သောအခါ ပက်လက်နေရာမှ ထူထပြီး အစာကိုတွေ့သော သားရဲ၏မျက်လုံးများနှင့် ဆရာမကလေးကို ကြည့်လေ၏။ ဆရာမကလေးနောက်၌ ရပ်နေသော အစေခံမှာ အလိုက်သိစွာ ရှောင်သွားလေ၏။

'ဘာအလိုရှိသလဲ၊ လာလေ ထိုင်ပါ' ဟုပြောကာ ကုလားထိုင် တစ်ခုကို ပြလေ၏။

'ကျွန်မ ကိုလှသိန်းအတွက် လာပါတယ်၊ ကိုလှသိန်း အခု တခြားကိုသွားတော့မယ်'

'သွားရင် ဘာဖြစ်သလဲ' ဟု မျက်နှာပျက်လျက် မေးလေ၏။

'ဒီအကောင်နာမည်ကို မကြားချင်ဘူး၊ တခြားအကြောင်းကို ပြောပါ'

'ကျွန်မ တခြားအကြောင်း ဘာမှမပြောစရာမရှိဘူး၊ ကိုလှသိန်းကို တဆိတ်ပြန်ကြည့်ဖို့ ပြောတာပါ'

'ဒီအကောင်နဲ့ဘယ်လိုသက်ဆိုင်သလဲ၊ သြော် ..... အင်း၊ အေး၊ သိပြီ။ ဒီကောင်နဲ့တွေ့တာကံဆိုးတာပေါ့၊ ငါ့တူမ မိန်းမချောပဲ၊ ဒီအ

mgyoe.com

mgyoe.com

ကောင် ကောင်းတဲ့အကောင်မဟုတ်ဘူး'ဟု ပြောရင်း မိမိ၏နေရာမှ ထ၍လာပြီး ဆရာမ၏အနီး၌ ရစ်ဝဲစပြုလေ၏။

ဆရာမမှာ ၎င်း၏ထက်သန်သောမျက်နှာကို မြင်သောအခါ ကြောက်ရွံ့၍သွားလေ၏။

'ကျွန်မနဲ့သူနဲ့အကြောင်းပါတာ သုံးလေးလရှိပြီ။ အခု ဦးလေးက ပြန်မကြည့်လို့ သွားတော့မယ်တဲ့။ ဦးလေးပြန်ကြည့်ရင် ကျွန်မတို့ ကွဲမှာမဟုတ်ဘူး'

'တူမကို ဦးလေး သနားတယ်၊ ဒီကောင်နဲ့ဖြစ်ရင် တူမဆင်းရဲတော့မှာပဲ၊ သည့်အတွက် တူမလို အဖိုးတန်ဂုဏ်သရေရှိ အမျိုးသမီးကလေးတစ်ယောက် ဒီကောင် မတရားပြုကျင့်မှာကိုစိုးလို့ ဦးလေး ပြန်မကြည့်ချင်တာ၊ သင်းဖျက်ဆီးခဲ့တာတွေများပြီ၊ တူမ ပထမလည်း မဟုတ်ဘူး၊ နောက်ဆုံး ဟုတ်မယ်လို့လည်း ဦးလေးမထင်ဘူး၊ ဒီအကောင် နောင်တရအောင် လွှတ်ထားဦးမှပဲ'

'သူ့မှာ ဘာအပြစ်ရှိသလဲ'

'သူ့အပြစ်တွေကို တူမ မသိသေးဘူးလား၊ တူမလိုမသိသူတွေ နောက်ဆုံးလွန်ပြီးမှ သိတာတွေ အများပဲရှိကြသတဲ့။ တူမကို မြင်မြင်ချင်း ဦးလေး အင်မတန်မှ နှမြောတာပဲ၊ ဒီလိုအကောင်နဲ့မှ ဖြစ်ရလေခြင်း၊ တူမရယ်'ဟု ပြောကာ ဆရာမ၏ ကုလားထိုင်နောက်မှီကို လာ၍ကိုင်လေ၏။ ၎င်း၏ ပါးစပ်မှ အရက်နံ့ရသဖြင့် ဆရာမသည် မွှေးသောလက်ကိုင်ပဝါနှင့် နှာခေါင်းကို ပိတ်လိုက်လေ၏။

'ဒီအကောင်မျိုး ဘာလုပ်မလဲ၊ သူ့မှာ ဘာမှမရှိဘူး၊ ပညာလည်း မလုံလောက်၊ သူ့အဖေ အလိုလိုက်လို့ ပျက်စီးနေတဲ့အကောင်.....၊ ငွေအသိန်း တစ်ထောင်ပုံပေးလည်း တစ်နှစ် နှစ်နှစ်အတွင်း ကုန်ပြီး မွဲမှာပဲ၊ ပြီးတော့ တူမကြီးက ဖဲပြုတ်ရောင်းကျွေးမလား'

mgyoe.com

'ကျွန်မ အင်္ဂလိပ်ကျောင်းဆရာမ'

'ဟင် ..... ဒါဖြင့် သာနုမြောစရာကောင်းတာပေါ့ တူမရယ်၊ ပညာကလေးနဲ့ ရုပ်ကလေးနဲ့ မင်းကတော်၊ စိုးကတော်၊ သူဌေးကတော် ဖြစ်ဖို့ ရုပ်ကလေး'ဟုပြောကာ ပခုံးကို လက်နှစ်ဖက်နှင့် ကိုင်လိုက်လေရာ ဆရာမသည် ရုတ်တရက်မတ်တတ် ထလိုက်လေ၏။ ဝင်၍လာသော တံခါးကြီးမှာ ပိတ်၍နေသည်ကို တွေ့ရလေလျှင် ဆရာမမှာ ကြီးစွာ ထိတ်လန့်ခြင်းဖြစ်လျက်.....

'ကျွန်မ သွားတော့မယ်'ဟု ပြောလေ၏။

'ဘယ်ကိုလဲ တူမရဲ့၊ မြန်လိုက်တာ နေပါဦး၊ တူမ လက်ချောင်းကလေးတွေ နဝရတ်ကိုးပါနဲ့တော်တဲ့ လက်ချောင်းကလေးတွေပဲ'ဟု ပြောကာ..... ပျော့ပျောင်းသော လက်ကလေးကို ကိုင်ယူလေ၏။ ဆရာမမှာ ရုန်းနိုင်ဖို့ အခြေအနေမရှိသည်ကို သိသဖြင့် အဘယ်ပုံကြံရမလဲ၊ ငါတော့ မိနေပြီဟု စဉ်းစား၍နေလေ၏။ ထိုအတွင်း ကိုဘသိန်းသည် မိမိ၏လက်သန်းဝတ် စိန်လက်စွပ်ကို ချွတ်ကာ ဆရာမ၏ လက်သူကြွယ်ကို စွပ်၍ပေးလေ၏။ ဆရာမမှာ ငြိမ်လျက် အကြံယူ၍နေလေ၏။ မူးယစ်နေသော ဦးဘသိန်းသည် မိမိကိုသဘောတူပြီမှတ်ထင်ကာ သန်မာသောလက်များနှင့် ပွေ့လိုက်ရာ ဆရာမ၏ လျှင်မြန်သော စိန်လက်စွပ်နှင့်လက်သည် ကိုဘသိန်း၏ မျက်နှာပေါ်သို့ ဝင်းခနဲရောက်၍သွားလေ၏။ ကိုဘသိန်း၏မျက်လုံးမှာ မီးပွင့်လျက် ဖျောင်းခနဲမြည်၍သွားလေ၏။ မျက်လုံးမှ သွေးများသည် ချောင်းစီး၍ကျလာလေရာ ကိုဘသိန်းသည် ဆရာမကို လွှတ်ပြီး မျက်နှာကို ပိတ်လျက် .....

'အမယ်လေးဗျာ့၊ အမယ်လေး ... လာကြပါဦး'ဟု အော်ကာ အခန်းထဲတွင် ချာလည် လည်၍နေလေ၏။ ဆရာမသည် တံခါးကို

mgyoe.com

mgyoe.com


ပြေး၍လာလေ၏။ တစ်စုံတစ်ယောက်မျှ လာ၍ မဖွင့်သဖြင့် ပြတင်းပေါက်တစ်ခုကို ပြေး၍ဖွင့်ပြီး ...

'လာကြပါဦးရှင့်၊ ဟောဒီမှာ ကျွန်မကို...'ဟု တအားအော်လေ၏။

ဆရာမကို ပထမမြင်ရသူသည် အခြားသူမဟုတ်၊ မောင်လှသိန်းဖြစ်လေ၏။ မောင်လှသိန်းမှာ သွားကာနီး စရိတ်မလုံလောက်သဖြင့် ရှာကြံစုဆောင်းရန် သွားလာနေခိုက်မှာ ထိုလမ်းသို့ ရောက်လာခြင်း ဖြစ်လေ၏။

လှသိန်းသည် အိမ်ထဲသို့ ပြေးဝင်၍လာပြီး တယ်လီဖုန်းနှင့်ဂတ်ကို တိုင်လေ၏။ မကြာမီ ပုလိပ်များနှင့်အရပ်သားအချို့တို့သည် အိမ်ထဲသို့ရောက်၍လာကြရာ သူဌေးဦးဘသိန်းဖြစ်၍နေပုံကို တွေ့မြင်ကြရလျှင် အံ့အားသင့်၍နေကြလေ၏။ အကျိုးအကြောင်းကို တစ်စုံတစ်ရာစစ်မေးခြင်းမပြုနိုင်ဘဲ ဆေးရုံကိုသာပို့ကြရလေသတည်း။

* * *

နောက် တနင်္ဂနွေတစ်ပတ်လောက်ကြာသောအခါ ဦးဘသိန်း၏ မျက်လုံးမှာ ဒဏ်ရာလွန်စွာပြင်းထန်သဖြင့် ကုသမရယုံမက ထိခိုက်သောအကြောမှာ တစ်ဖက်မျက်လုံးနှင့် အရေးအကြီးဆုံးသောအကြောဖြစ်သောကြောင့် ထိုမျက်လုံးပါ ထိခိုက်မှာ များစွာစိုးရိမ်ရကြောင်းနှင့် ပြောလေ၏။

လှသိန်းသည် မိမိ၏ဦးလေးကို အထူးဂရုစိုက်ကြည့်ရှုရလေ၏။ ဆရာမကလေးမှာလည်း အပါးမှမခွာ၊ မိမိ၏လက်ချက်ကြောင့်ဖြစ်သောကြောင့် လွန်စွာမှ ဝမ်းနည်းခြင်းဖြစ်လေ၏။ ပုလိပ်က စစ်မေးသောအခါ ခင်းထားတဲ့ကြမ်းက အင်မတန်ချောသဖြင့် ဦးဘသိန်း

mgyoe.com

mgyoe.com

ကုလားထိုင်ပေါ်မှ လျှင်မြန်စွာထိုင်ရာတွင် ကုလားထိုင်ချော်၍လဲပြီး မိမိ၏မျက်လုံးမှာ အခြားကုလားထိုင်တောင့်စွန်းတစ်ခုနှင့်ဆောင်မိ၍ ပေါက်ကြောင်း၊ ဆရာမက ထွက်လေရာ ပုလိပ်က မသင်္ကာသဖြင့် 'ဆရာမ ဘာကိစ္စ သူဌေးမင်းထံကို ရောက်လာသလဲ'ဟု မေးလေ၏။

ဆရာမက 'မိမိမှာ ကိုလှသိန်းနှင့်ပတ်သက်ပြီး တူမ၊ သူဌေးမင်းနှင့်တူဝရီးတော်ကြောင်း၊ ကိုလှသိန်းက ငွေအတောင်းခိုင်းလို့ သွားတောင်းရာမှာ ကျွန်မတို့ အင်မတန် အသုံးကြီးကြောင်း၊ ငွေဟာ အလကားရတာမဟုတ်ကြောင်း၊ အခုခေတ်မှာ လွန်စွာကျပ်တည်းပြီး ငတ်မွတ်နေသူတွေ အများရှိကြတဲ့အထဲမှာ နင်တို့က မိဘလုပ်စာ အလကားရတိုင်းသုံးချင်သလို သုံးသလား၊ ဆင်းရဲသားခများများကို ကိုယ်ချင်းစာကြည့်ကြဦး စသည်ဖြင့်ပြောပြီး ချက်ကိုရေးဖို့ရန် စိတ်ဆိုးဆိုးနှင့် ဆောင့်ထိုင်ရာမှ ကုလားထိုင်ချော်လဲကြောင်း' စသည်ဖြင့် အစစ်ခံလေရာ ဦးဘသိန်းက 'နင်တို့လင်မယားပဲ လွန်လွန်းအားကြီးတယ်၊ ငါက အစ်ကို့ပစ္စည်းကို မကုန်တန် မကုန်ကျရအောင် စောင့်ထိန်းရတာ၊ များအားကြီးတော့လည်း ဘယ်စိတ်ရှည်နိုင်တော့မလဲ၊ အင်စပိတ်တော်မင်းရဲ့ အခု ကျုပ်တူမထွက်ချက်အတိုင်းပါပဲ၊ တခြားဘာမှမဖြစ်ပါဘူး'ဟုပြောပြီး လှသိန်းကိုခေါ်ကာ 'ကိုင်း ... ဦးလေးတော့ မင်းတို့လင်မယားကြောင့် ဒုက္ခတွေ့ပြီ၊ ဒီပစ္စည်းတွေကိုလည်း မထိန်းနိုင်တော့ဘူး၊ ဦးလေးလည်း တစ်သက်လုံး ဘဝဆုံးတော့တာပဲ၊ ငါ့တူလည်း အရွယ်ရောက်ပြီ၊ မင်းတို့ပစ္စည်းများကို မင်းတို့ပဲ ဂရုစိုက်ထိန်းသိမ်းပေတော့၊ ဦးလေးကိုတော့ ပစ်မထားကြပါနဲ့ကွယ်'ဟု ညှိုးငယ်သောအမူအရာနှင့် အသနားခံရှာလေ၏။

'စိတ်ချပါဦးလေး၊ ကျွန်တော် ဂရုစိုက်ပါမယ်၊ ဦးလေးတစ်သက်မှာလည်း မဆင်းရဲရပါဘူး'ဟု ပြောလေ၏။

mgyoe.com

mgyoe.com


ပုလိပ်အရာရှိများ ထွက်၍သွားသောအခါ နှစ်ယောက်စလုံးကို အပါးသို့ခေါ်ပြီးလျှင် မိမိတစ်ဖက်တစ်ချက်မှာ ထိုင်စေလျက် ၎င်းတို့၏ လက်များကိုင်ပြီး ကိုယ်တိုင်ထပ်၍ပေးရင်း မျက်ရည်များ တတွေတွေ ကျဆင်းလျက် 'ဦးလေးမှားတာကို ဖွေယူကြသလား၊ ဦးလေး အသောက်အစားလွန်လို့ မှားတာပါတူမောင်၊ တူမကြီးကလည်း အခွင့် လွှတ်ပါနော်'ဟု ပြောလေ၏။

ထိုအခါ နှစ်ယောက်သား မျက်နှာများကို လက်ကိုင်ပုဝါများ နှင့် တို့ကြလေ၏။ ငိုရှိုက်သံကို ဦးလေးဖြစ်သူမကြားရအောင် ပုဝါ နှင့် ပါးစပ်ကိုဆို့ကြလေ၏။ ထိုသို့ဆို့သော်လည်းမရ၊ 'ကျ–ကျ– ကျွန်တော်တို့ ဖွေမယူပါဘူး ဦးလေးရဲ့ အဟင့်'ဟု မြည်သော လှသိန်း ၏ ငိုသံနှင့်စကားကိုကြားရသဖြင့် လှသိန်းကို မိမိ၏နံဘေးသို့ တင်းကျပ်စွာဆွဲယူလျက် မိမိ၏မေးစေ့ကို လှသိန်း၏ဦးခေါင်း၌ တပ် ကာ ပင့်သက်ရှူပြီး သက်မကြီးချလိုက်လေ၏။ လှသိန်းနှင့် မစိန် တို့သည် ဝမ်းမနည်းရအောင် အားပေးကြလေ၏။

နောက်ရက်များမကြာမီ သူဌေးဦးလှသိန်းနှင့် သူဌေးကတော် ဒေါ်စိန်တို့ဧည့်ခံပွဲတွင် မျက်စိသီသီမျှ မြင်ရသော ဦးလေးကြီး ဦးဘသိန်းသည် ဧည့်ခံပွဲထိပ်တွင်ရပ်လျက် မိမိအစ်ကို၏ အလိုဆန္ဒ အတိုင်း မောင်လှသိန်းအား လွှဲအပ်ကြောင်း အများသိအောင် ပြောပြ လေရာ အားလုံးလက်ခုပ်လက်ဝါးတီးကြလေ၏။ နောက်တစ်နေ့ ဦးဘသိန်း၏ မြင့်မြတ်ရိုးမတ်သော စိတ်အကြောင်းနှင့်ပတ်သက်၍ ချီးမွမ်းသော သတင်းများသည် သတင်းစာဟူသမျှတို့၌ပါရှိလေ သတည်း။

●●●

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# စိန်ဝတ်ချင်လို့

မယ်ရွှေနှင့် မဖွားသည် သရက်ကုန်းရွာ၌ အထင်ပေါ်ဆုံးသော မိန်းမပျိုကလေး နှစ်ယောက်ဖြစ်လေ၏။ ရုပ်ရည်မှာ နှစ်ယောက်စလုံး ပင် ချောမောလှပသူများ ဖြစ်ကြလေ၏။ သို့သော်လည်း မယ်ရွှေ မှာ မျက်နှာအလှထက် ကိုယ်ပေါက်ကိုယ်ရောက် ဂိုက်ကျ၍ အပြော အဆို ပိုမိုယဉ်ကျေးသူဖြစ်လေ၏။ သို့သော်လည်း နဂိုအတိုင်း ရိုးရိုးနေလေ့ရှိလေ၏။ သို့သော်လည်း စိတ်သဘောကာ ယဉ်ကျေးသိမ် မွေ့လျက် ကြင်နာတတ်သူဖြစ်လေရာ ဆင်းရဲဒုက္ခတွေ့သူများကို ဘယ် အခါမဆို ကူညီတတ်၏။ အိမ်နီးပါးခြင်းများ မမာမကျန်းဖြစ်သည့် အခါ အိပ်ပျက်ခံကာ ပြုစုတတ်၏။ ဆင်းရဲသော ကလေးသူငယ်များ ကို ဂရုစိုက်ကာကြည့်ရှုပြုစုကျွေးမွေးတတ်သဖြင့် ရွာထဲရှိ ကလေး အပေါင်းတို့က ၎င်းအား အစ်မလေးဟု ခေါ်ကာ အစ်မအရင်းအချာ တစ်ယောက်ကဲ့သို့ မှတ်ထင်ကြလေ၏။ အလှူအတန်း၊ ပွဲနေပွဲထိုင် များရှိ၍ အဖော်အပေါင်းတို့က ခေါ်ကြသည့်အခါ အဝတ်အစားဖြင့် ဂုဏ်တုဂုဏ်သာပြိုင် ဝင့်ဝါခြင်းမရှိ။ ရှိသမျှနှင့် ရောင့်ရဲတင်းတိမ်ကာ ရိုးရိုးကန်းတန်း ဝတ်စားတတ်၏။ သို့ဖြစ်သောကြောင့် မည်သူမဆို

mgyoe.com

၎င်းနှင့်အတူ သွားဖို့ရန် ဝန်လေးခြင်းမရှိပေ။ ထိုကဲ့သို့ ရိုးရိုးနေသဖြင့် နဂိုအလှအတိုင်းထင်ပေါ် ကျော်ကြားသဖြင့် ချစ်သူခင်သူ ပေါများကြလေ၏။ မဖွား၏ စိတ်မှာ ရွာထဲ၌ အထင်ပေါ်ဆုံး နှစ်ယောက်ရှိသည်ဟူသောစကားကို မခံနိုင်၊ မိမိတစ်ယောက်သာ ဗိုလ်စွဲချင်၏။ သို့ဖြစ်သောကြောင့် မယ်ရွှေမှာ အပေါင်းအသင်းများ၍နေသည်ကို မရှုစိမ့်မနာလို ဣဿတရားပွားများ၍ နေလေ၏။ သို့သော်လည်း ၎င်းတို့နှစ်ယောက်စလုံးမှာ လွန်စွာကြွယ်ဝသူများ မဟုတ်ကြသဖြင့် အထည်အမျိုးမျိုး၊ ရွှေငွေကျောက်သံ၊ လက်ဝတ်လက်စားအမျိုးမျိုးကို မဝတ်စားနိုင်ကြပေ။ သို့ဖြစ်၍ မဖွားမှာ သွားစရာလာစရာရှိသည့်အခါ ရှိသူများထံမှ ငှားရမ်းသော အလှအပဆင်ယင် တန်ဆာများနှင့် ဝင့်ဝါရလေ၏။ မယ်ရွှေမှာ ထိုကဲ့သို့မဟုတ်။ မိမိမှာ ရှိသမျှနှင့် ရောင့်ရဲသူဖြစ်ရာ ဤကဲ့သို့ ဒုက္ခမများပေ။ မဖွားမှာ ငှားရမ်းသော အထည်များနှင့် ဝင်းဝင်းတောက်ပြောင်လျက်သွားသည့်အခါ မယ်ရွှေမှာ ရိုးရိုးနှင့်မှိန်မှိန်မှေးမှေးသွားရလာရ၏။ သို့သော်လည်း မယ်ရွှေမှာ ဝိုင်းရံချီးမြှောက်သူ မပါးမရှားပေ။ မဖွားမှာကား မိမိ၏ ခင်မင်ရင်းနှီးသောသူ အနည်းသာရှိလေ၏။ ၎င်းကို လိုလားသော မိတ်ဆွေတို့က မဖွားအား မင်းကတော်ရုပ်၊ စိုးကတော်ရုပ် စသည်ဖြင့် ပြောဆိုချီးကျူးမြှောက်စားကြလေ၏။ မယ်ရွှေမှာကား အသေအလဲ ကြိုက်၍နေသော မောင်ငွေမြဆိုသူ တစ်ရွာတည်းသားကလေး တစ်ယောက်ရှိလေရာ ၎င်းမှာ မြို့၌ စာရေးကလေးဖြစ်၍နေသဖြင့် စာရေးကတော်လောင်းဟူ၍သာ အလွန်ဆုံး အပြောခံရလေ၏။

ငွေမြ ရွာသို့ပြန်၍လာသည့်အခါ အတူတကွ ကျောင်းကန်ဘုရားသွားကြသည့်အခါ မဖွားတို့လူစုက စာရေးအစုတ်အနုတ်နှင့် တွဲခုတ်ရသည့်အတွက် အဟုတ်ကြီးထင်နေသည် စသည်ဖြင့်ပြောကာ

mgyoe.com

မေးငေါ့ကြလေ၏။ မယ်ရွှေသည် ထိုကဲ့သို့မေးငေါ့ကြောင်းကို ကြားသိရသောအခါ စာရေးအစုတ်အနုတ်နဲ့ပဲ ထိုက်တန်သူဖြစ်လေတော့ စာရေးနှင့်ပဲ တွဲခုတ်ရတာပဲ၊ မင်း အစိုးရအရာရှိကိုတော့ မမှန်းဝံ့ပါဘူး ပြောလေ၏။ မဖွားသည် အမှန်အားဖြင့် စာရေးလောက်ကို မမှန်း၊ မြို့အုပ်ဝန်ထောက်လောက်ကိုသာ မှန်းသူဖြစ်လေရာ မှန်းခြေနှင့် ကိုက်အောင် ဝတ်ဆင်ရဖို့ရန် ကြိုးစားရလေ၏။ သို့ဖြစ်၍ မယ်ရွှေကလေးများနှင့် စုန်ပုံပြေးလွှားကစားသည့်အခါ မယ်ဖွားမှာမူ အဝတ်အစားရွှေငွေ လက်ဝတ်လက်စား ဆင်မြန်းဖို့အရေး၊ ဆေးလိပ်ခုံ၌ နံနက်စောစောကနေ ညနေဝင် အထိ ဆေးလိပ် လိပ်ရ၏။ ည နေဝင်၍ အခြားဆေးလိပ် လိပ်သမားများပြန်သည့်အခါတွင်လည်း မပြန်။ ည ၉ နာရီ၊ ၁၀ နာရီ အထိ လိပ်လေ့ရှိ၏။ လစဉ်လတိုင်း ရွှေလက်ကောက်ကလေး များ၊ ထဘီအဆန်း ကလေးများဝယ်၍ဝတ်နိုင်၏။ သို့အတွက်သာ၍ ဂုဏ်မြင့်သည်ဟု မိမိကိုယ်ကို မှတ်ထင်လေ၏။ ဥဿဖယားလက်ကောက်တစ်ရံနှင့် ပြင်သစ်စိန်တစ်လုံး နားကပ်တစ်ရံရလျှင် ရွာထဲမှာ ဗိုလ်စွဲတဲ့သူတစ်ယောက်ဖြစ်လိမ့်မည်ဟု အားခဲကာ စုလေ၏။

တစ်နေ့သ၌ မယ်ရွှေသည် ဈေးကို တစ်ယောက်တည်းသွားလေရာ လမ်း၌ မဖွားနှင့်အဖော်သုံးလေးယောက်ကို တွေ့ရလေ၏။

တစ်ယောက် မဖွားတို့မှ အစွမ်းကောင်းတာ၊ အခြားအပျိုကလေး များမှာ မိဘကို အားကိုးရတယ်။ မိဘက ဆင်ပေးမှ ဝတ်နိုင်စားနိုင်ကြတယ်။ မဖွားမှာ ဘယ်မိဘဆွေမျိုးမှ အားမကိုး၊ ကိုယ်တိုင်ဝတ်ဖို့ စားဖို့ကို ကိုယ်တိုင်ရှာဖွေနိုင်တဲ့ အစွမ်းရှိတယ်။

မဖွား ။ ။ မိဘအားကိုးမရှိတော့လည်း ကိုယ့်အစွမ်းကိုထုတ်ရတာပေါ့။ မိဘအားကိုးလည်းမရှိ ကိုယ့် အစွမ်းလည်း မရှိရင်ဘယ်မှာ ဝတ်ရစားရမှာလဲ။ ယခု ငါ့မှာ ဆောက်ဖြတ်သုံးရန်ရှိပြီ၊

mgyoe.com

နောက် နှစ်ရုံရရင် စိန်နားကပ်ကလေး တစ်ရုံလုပ်ဖို့ ရှိတော့တာပဲ'

အခြားတစ်ယောက်က 'ညည်း နီလာလက်ကောက်ရော မလုပ်တော့ဘူးလား'ဟုမေးလေ၏။

'နီလာလက်ကောက်အဖျဉ်းဆုံး ၆ဝိ/–လောက်ကုန်မယ်၊ နီလာလက်ကောက်ကိုလုပ်ရင် ဆောက်ဖြတ်ကိုလုပ်ဖို့မလိုဘူး၊ ငါစဉ်းစားနေသေးတယ်။ စဉ်းစားနေတဲ့အခိုက် ရွှေဒင်္ဂါးကို ဝယ်စုတာ အေးတာပဲ'

'ဟုတ်တယ်အေ့၊ ရွှေဟာ အရေးကြီးတာပဲ၊ ရွှေရပြီးရင် ဘာမဆိုလွယ်တယ်'

မယ်ရွှေ။ ။ 'လွယ်တော့လွယ်ပါရဲ့အေ၊ လိုချင်အားကြီးပြီး အလုပ်ကို သိပ်လုပ်ရင် မီးယပ်က ချမ်းသာပေးမှာ မဟုတ်ဘူး။ မီးယပ်ဖွဲ့စ်ပြီဆိုမှဖြင့် ရွှေတွေ၊ စိန်တွေဆင်ပေမယ့် လှတော့မှာမဟုတ်ဘူး၊ အခု ညည်း အတော်လှတဲ့မိန်းမအေ့၊ ငါတော့ကာ အိပ်ပျော်စားဝင်နေထိုင်လို့ကောင်းရင်ပြီးတာပဲ။ ကျန်းမာတဲ့စည်းစိမ်ဟာ အင်မတန်ကောင်းတာအေ့'

မဖွား ။ ။ 'လူထဲမှာ နေရင် လူနဲ့သူနဲ့တူမှ ဖြစ်တာ ... ညည်းတို့လို သစ်ငုတ်တိုကြီးလုပ်နေလို့ အတက် မပေါက်နိုင်ဘူး။ ညည်းစာရေးကလေးကတောင် တော်တော်ကြာရင် ပစ်သွားလိမ့်မယ်'

မယ်ရွှေ။ ။ 'ကျုပ်တို့စာရေးက အကြောင်းသိပြီးသားစာရေး၊ ဘယ်တော့မှမပစ်ဘူး။ ကျုပ်နဂိုအတိုင်းနေတာကို သဘောကျလို့ မက်တာ၊ အစိုးရအရာရှိများကတော့ကာ နဂိုအတိုင်းမကြိုက်တတ်ဘူး။ ဒီတော့ကာ နဂိုထက်ပိုအောင် ကြိုးစားပြီး ရှာရလိမ့်မယ်။ ဒါပဲ မဖွားရေ့၊ ကျုပ်သွားတော့မယ်နော်။ မီးယပ် ပိန်မီးယပ်ခြောက်ဖြစ်ပြီး စာရေးမဆိုထားနဲ့ ခွေးတောင်မရဘဲ ဖြစ်မှာကိုစိုးရင် စိန်နားကပ်ကို ဒီလောက်မက်ပြီး ဆေးလိပ်ကို လောဘဇောတိုက် လိပ်မနေနဲ့'ဟု

mgyoe.com

ပြောပြီးသွားလေ၏။

မယ်ရွှေသည် ဈေးကအပြန်၌ မိမိ၏ချစ်သူစာရေးကလေးနှင့် လမ်းမှာတွေ့လေ၏။ ထိုအခါ နံနက်လေပြည်လတ်ဆတ်စွာ ဖျန်းပက်လျက်နေလေ၏။ သစ်ပင်တောတောင်တို့သည် လတ်ဆတ်စွာ အသက်ရှုလျက်ရှိနေကြ၏။ ချစ်သူနှစ်ယောက်တို့သည် လေပြည်ကဲ့သို့ လတ်ဆတ်သောစိတ်နှလုံးနှင့် ပေါ့ပါးစွာ ပျံဝဲ၍သွားသည်ဟု မှတ်ထင်ရလေ၏။

မယ်ရွှေ။ ။ 'ကိုငွေမြ ကျွန်မဟာ စိန်ရွှေလက်ဝတ်လက်စား ဘာမှ ဝတ်စားတာလည်းမဟုတ်၊ အဟုတ် ကျွန်မကို မေတ္တာရှိနိုင်ရဲ့လား'

ကိုငွေမြ။ ။ 'မရွှေကို ကျုပ်ချစ်တဲ့စိတ်ဟာ စိန်ရွှေရတနာကို ချစ်တဲ့စိတ်ထက်မြင့်ပါတယ်။ စိန်ရွှေရတနာကိုချစ်ရင် စိန်ရွှေရတနာကို ဝယ်ထားရင်ပြီးတာပဲ၊ မရွှေ ရိုးရိုးနေတဲ့အတွက် ပိုပြီးချစ်တာပါ'

မယ်ရွှေ။ ။ 'အခြားမိန်းမကလေးတွေကတော့ကာ နင်စိန်ရွှေ မဝတ်ရင် နင့်ရည်းစား နင့်ကို ပစ်သွားလိမ့်မယ်လို့ ပြောကြတယ်၊ ကျွန်မက ကိုငွေမြဟာ ဒီလိုမဟုတ်ဘူးလို့ ခုခံပြီး ပြောရတယ်။ တကယ်ပဲလား ကိုငွေမြရဲ့၊ ကျွန်မကို ကိုငွေမြ မျက်စိထဲမှာ ရိုးတာကြီး မထင်ဘူးလား'

ကိုငွေမြ။ ။ 'မထင်ပါဘူး မရွှေ၊ ကမ္ဘာပေါ်မှာရှိတဲ့စိန်တွေရွှေတွေ အားလုံးကို မရွှေတစ်ယောက်တည်းလောက် အဖိုးတန်မယ် မထင်ပါဘူး။ ပစ်လိမ့်မယ်လို့ ဘယ်သူက ပြောသလဲ'

မယ်ရွှေ။ ။ 'မဖွားတို့လူစုက ပြောတယ်'

ကိုငွေမြ။ ။ 'ဝန်ထောက်တွေ၊ မြို့အုပ်တွေမှန်းနေတဲ့

mgyoe.com

ကောင်မလား၊ သူ့မှာတော့ ရွှေဘို ငွေစကလေးများ မြင်ပါရဲ့။ သို့သော်လည်း သူ့မှာ ဝန်ထောက်တွေ မြို့အုပ်တွေ ကြိုက်သူမပေါ်သေးပါဘူး။ သူ့ ရွှေတိုငွေစကလေးနဲ့ စိတ်ကြီးဝင်နေတာပါ။ သူ့မှာ ဝန်ထောက် မြို့အုပ် မပြောနဲ့ ပြာတာတောင် ကြိုက်မယ့်လူ ရှိရဲ့လား'

မယ်ရွှေသည် ထိုစကားကို ကြားသောအခါ အံတိုင်းမသိအားရှိလေ၏။ ကိုငွေမြ စိတ်ကျေနပ်လျှင် မည်သူက မည်သို့ပင် ပြောစေကာမူ ဂရုမစိုက်ဟူသောအနေမျိုးနှင့် နေလေ၏။

ထိုကဲ့သို့ စကားတပြောပြောနှင့် အိမ်သို့ရောက်ကြလေ၏။ ငွေမြလည်း မိမိ၏ အိမ်သို့ ပြန်၍ သွားလေ၏။

* * *

## အခန်း (၂)

မဆွဲမိ၏ ဆေးလိပ်ခုံ၌ အလှူအတန်းပွဲလမ်းသဘင်တို့ကြောင့် ဆေးလိပ်အမြောက်အမြား လိပ်စရာရှိလေ၏။ ဆေးလိပ် လိပ်သော လုပ်သားသုံးရာကျော်တို့မှာ လက်မလည်အောင် လိပ်ရလေ၏။

မဖွားမှာ စိန်တစ်လုံးနားကပ် ပန်ရတော့မည်အနေသို့ ရောက်၍ နေလေ၏။ ဆေးလိပ် လိပ်သူ အားရှိစေဖို့ရန် စဘော်ငွေများကို တင်ကြိုပေးလေ၏။ မဖွားသည်ကား ဘယ်ကဲ့သို့သော စဘော်ကို ယူရမည်နည်းဟု စဉ်းစား၍ နေလေ၏။ မိတ်ဆွေများက အကြံပေးသဖြင့် မဆွဲမိထံသို့ ကပ်၍ စဘော်တောင်းလေ၏။ တောင်းသော စဘော်သည်ကား စိန်တစ်လုံးနားကပ် တစ်ရံဖြစ်လေ၏။ စိန်တစ်လုံးနားကပ်ကို မဆွဲမိ သည် ဖွားမေအလိပ်ကောင်းသည့်အတွက် ဆောလျင်စွာ လုပ်ပေးလေ၏။ ဖွားမေသည် စိန်တစ်လုံးနားကပ်တစ်ရံ

mgyoe.com

နှင့် ဆေးလိပ်ခုံကို တက်လေ၏။ လိုချင်အာသာစိတ်နှင့် တသမတ်တည်း စူးစိုက်စွာ ကြံစည်ကာ ဖြစ်သည့်နည်းအတိုင်း စိန်တစ်လုံးနားကပ်ကို ပန်ရန် တစ်ခုတည်းသောအာရုံနှင့်အလုပ်ကို စွဲမြဲလုပ်သဖြင့် အလုပ်မပြီးမီ စိန်တစ်လုံးနားကပ်ကို ရရှိအလိုပြည့်ဝခြင်းသို့ ရောက်လေသတည်း။

ထိုနားကပ်၏ အရှိန်နှင့် နားကပ်ကြွေးကျေအောင် ရှေ့လထက်ဆထက်ထမ်းပိုး ပိုမို၍ဂရုစိုက်ကာ ဆေးလိပ်ကို လိပ်ရလေ၏။ ဆေးလိပ်လုပ်သားအဖော်အပေါင်းများကလည်း မဖွားကို စေတနာထားကာ မြှောက်စားပြောဆိုကြလျက် မဖွား၏ ဝီရိယဂုဏ်ကို ဝိုင်း၍ ချီးမွမ်းကြသဖြင့် ပိုမိုကာ လိပ်ရလေ၏။ ထိုကဲ့သို့ လိပ်သဖြင့် မဖွားစိန်နားကပ်ဖိုးကြေသည့်အခါ ဆေးလိပ်ရုံ၌ လူကြီးဖြစ်မည်ဟု အားပေးစကားများကို မဆွဲမိဂ႐ု ပြောလေ၏။ သို့ဖြစ်လေရာ မဖွားမှာ ကြွေးမကြေမချင်း အလုပ်လုပ်လျက်ပင် ဆေးလိပ်ရုံ၌ ဩဇာကြီးမားလေ၏။

စိန်နားကပ်နှင့် အလုပ်ဆင်းသူဖြစ်လေရာ စိန်နားကပ်နှင့်အဆင်ပြေအောင် အင်္ကျီလုံချည်အဝတ်အစားများကို အထက်တန်းကျကျဝတ်၏။ ဤသို့ဝတ်ရသောအခါ မင်းကတော်ရုပ် ပေါက်၍လာလေ၏။ မင်းကတော်ရုပ်ပေါက်၍လာသောအခါ မင်းကတော်စိတ်လည်း ပေါ်လာလေ၏။ ရွာထဲ၌ ပထမတန်းမိန်းမပျိုလေးနှစ်ယောက်ဖြစ်၍လာလေ၏။

မယ်ရွှေကို 'ဖုတ်လေသည့်ငါးပိ ရှိတယ်လို့ မအောက်မေ့တော့ပေ'။ တစ်နေ့သ၌ မယ်ရွှေသည် မဆွဲမိ၏ ဆေးလိပ်ရုံသို့ အဖော်တစ်ယောက်ခေါ်သဖြင့် အကြည့်အရှုလိုက်သွားလေ၏။ မဖွား ဆေးလိပ် လိပ်၍နေသောနေရာသို့ ရောက်၍ သွားပြီး အပါးထိုင်ကာ စကားစမြည်ပြောရင်း ကြည့်လေရာ မယ်ရွှေအား 'ညည်းကော

mgyoe.com

ဆေးလိပ်လိပ်ပါလား။ ညည်းမှာ တစ်ခါလာလည်း ဒီအဝတ်အစား တစ်ခါလည်း ဒီအဝတ်အစား" ဟု ပြောလေရာ မယ်ရွှေက

'ဒီလိုနေတာပဲကောင်းပါတယ်တော်၊ အဝတ်အစားပြောင်းလဲသလို လူမပြောင်းလဲဘဲ နေရတာပဲကောင်းပါတယ်။ အလုပ်လုပ်တော့ကာ လူမှာ ဘာများပြောင်းလဲသလဲ'

မယ်ဖွား။ ။ အလုပ်လုပ်တော့ကား ရွှေတွေ၊ ငွေတက်လာပေါ့။ အဲဒါပြောင်းလဲတာမဟုတ်လား၊ ရွှေတွေ ငွေတွေ တက်လာတာ မကောင်းဘူးလား။

မယ်ရွှေ။ ။ ကျွန်မ အခုလို မပြောင်းမလဲဘဲနေတာလည်း မကောင်းဘူးလား။

မဖွား ။ ။ မကောင်းဘူးလား၊ ကောင်းသလားတော့ မသိဘူး၊ ဘာမှ မရှိတာပေါ့။

မယ်ရွှေ။ ။ ကျွန်မမှာ ပြောင်းလဲတာကို ရှင်သိမှမသိဘဲကိုး။

မဖွား ။ ။ ဘယ်လိုပြောင်းလဲသလဲဟု နားကပ်ကလေးကို ခါလျက် မေးလေ၏။

မယ်ရွှေ။ ။ ကျွန်မစိတ် ကျွန်မကိုယ်ပြောင်းလဲတယ်။ စိတ်က တစ်နေ့တခြားပိုပြီး ချမ်းသာတယ်။ ကိုယ်မှာလည်း ကျန်းမာဝဖြိုးလို့ တစ်နေ့နဲ့တစ်နေ့မတူဘူး။ စိတ်နဲ့ကိုယ် ကျန်းမာခြင်းဟာ အကောင်းဆုံး။ စိတ်နဲ့ ကိုယ်ကျန်းမာတာပေါ့။ ပျော်ပျော်ပါးပါး စားနေတာကိုး။

သို့စကားပြော၍နေသည့်အတွင်း သူငယ်မကလေး တစ်ယောက် အိမ်ရှေ့ကလာ၍ မရွှေ...

မရွှေ လာကွယ်။ ကတော်လှည့်ရအောင် ခေါ်သဖြင့် မဖွား ကျွန်မသွားဦးမယ်ဟု ပြော၍ ဆင်းသွားလေ၏။

မဖွားသည် အနီးရှိ အဖော်များနှင့် စကားပြောလျက် ကျန်ရစ်

mgyoe.com

လေ၏။ ၎င်းက 'ဒီကောင်မဟာ ဘာအလုပ်မှ လုပ်ချင်တဲ့ကောင်မ မဟုတ်ဘူး၊ ရည်းစားထားဖို့၊ နန့်ဖို့သိတာပဲ၊ ငါက အကောင်းပြော တယ် သူက မနာလိုလို့ အရွဲ့တိုက်ပြီး ကတ်ဖဲ့ပြောတယ်၊ ကတ်ဖဲ့ ပြောမှာပေါ့၊ သူ့ ငါ့လို ရအောင်မှ မလုပ်နိုင်ဘဲကိုး'

တစ်ယောက်က 'ဒီလိုကောင်မမျိုးကို အဖက်လုပ်ပြီး ဘာ ပြောနေစရာရှိသလဲ၊ ကိုယ့်အလုပ်ကိုယ်လုပ်၊ ပြီးရောပေါ့'

မဖွား ။ ။ 'ငါလဲ မပြောချင်ပါဘူးအေ။ တွေ့တော့ပြောမိ တာပဲ'

'လူဆိုတာ အကောင်းပြောပေမယ့် အဆိုးထင်တာလဲရှိတယ်၊ ကိုယ်ကောင်းဖို့ ကိုယ်လုပ်နေတာ အကောင်းဆုံးပဲ၊ သူများကောင်းဖို့ ကို ပြောနေလို့ ကျေးဇူးရှိချင်မှရှိမှာ၊ ညည်း အခုကိုယ်အကျိုးစီးပွားရှိ ဖို့ လုပ်နေတာ၊ စိန်နားကပ်တစ်ရံပိုင်တော့မယ် မဟုတ်လား'

မဖွား ။ ။ 'ပိုင်တော့မှာပဲ၊ နောက်တစ်လလောက် ဒီလို မှန်မှန်လုပ်ရင် ပိုင်ပြီပေါ့ .....'

'အဲဒီတော့မှ ကိုယ့်အစွမ်းကိုပြ၊ ဒီကောင်မမျိုးကို ရည်းစားက ထိုးလွှတ်လိုက်မှာပေါ့၊ ရည်းစားက ညာနေတာ သူ့ကို ကြောချင်လို့၊ ဒါကို အဟုတ်ကြီးထင်နေတယ်'

မဖွားသည် ထိုစကားများကို ကြား၍ အားတက်ကာ တစ်လ အတွင်း စိန်နားကပ်ကိုပိုင်အောင် ကြိုးစား၍ လုပ်လေ၏။ ထိုကဲ့ သို့ တနင်္ဂနွေနှစ်ပတ်လောက် အလုပ်လုပ်သောအခါ မဖွားသည် အလုပ်လုပ်ရန် မသွားဘဲနေလေ၏။ မယ်ရွှေက ၎င်း၏အိမ်ရှေ့သို့ လျှောက်သွားရာ တိုင်ကိုမှီလျက် ထိုင်နေသည်ကို တွေ့ရလေ၏။ မဖွား၏အမူအရာမှာ မသက်သာသောအမူအရာရှိလေ၏။ 'မဖွား ... ဒီနေ့အလုပ်မသွားဘူးလား' ဟု မယ်ရွှေကမေးသောအခါ 'မသွားဘူး' ဟု

mgyoe.com

 mgyoe.com 

သာပြန်၍ ပြောလေ၏။ မယ်ရွှေက မသကာလျက် ဆက်၍မမေးဘဲ ရှောင်၍သွားလေ၏။ မကြာမီ ဆေးလိပ်ခုံမှ မိန်းမတစ်ယောက် မဖွားထံ လာရောက်စကားပြောပြီး ဆေးထုပ်နှင့်တူသော အထုပ်ကလေး ပေး၍ သွားသည်ကို မြင်ရလေ၏။

နောက် တဖြည်းဖြည်း မဖွားသည် လူမမာဖြစ်၍ တုံးလုံးလဲ တော့မည်ဟူသော သတင်းသည် ပေါ်ပေါက်၍လာဇလေ၏။ ဆေးလိပ် ခုံ၌ မဖွားအကြောင်းကို ဝမ်းနည်းစွာပြောကြလေ၏။ ပြောကြသည့် စကားများသည်ကား .....အလုပ်လုပ် အင်မတန်တော်တဲ့မိန်းမ၊ စိန်နားကပ်ဖိုးကြေတော့မယ်၊ တစ်ဆယ်မတ်တင်းကျန်တော့တယ်၊ ခုဆွဲမိက ဒီငွေတစ်ဆယ်ကိုလည်း စိုက်ပြီးဆပ်မယ်လို့ ပြောတယ်။

'အမြဲလူမမာကြီး မဖြစ်သေးပါဘူး'

'ဒါမျိုးဟာ တရှောင်ရှောင်နဲ့ လဲတတ်တာပဲ'

သို့သော်လည်း မဖွားသည် ဖွဲ့ကောင်းသူဖြစ်လေရာ မမာ မကျန်းဖြစ်လျက်ပင် အလုပ်ဆင်း၍ လုပ်လေ၏။

ထိုအခါ ကျန်းမာသကဲ့သို့ဖြစ်၍ နေပြန်လေ၏။ ဤအကြိမ် အလုပ်သွားသောအခါ၌ စိန်နားကပ်ကို ဝတ်ကာ လက်ကောက်များနှင့် အဝတ်အစားမှာလည်း မင်းသမီးကဲ့သို့ ဝတ်ဆင်၍သွားလေ၏။

ထိုည၌ မယ်ရွှေသည် ငွေမြနှင့် လိုက်၍ပြေးလေ၏။ အဘယ် ကိုပြေးသည်ကို မည်သူမျှ မသိကြပေ။ ရုံသားတို့သည်ကား အဘယ် ကိုပြေးသည်ကို သိကြလေ၏။ အကြောင်းမူကား ၎င်းတို့ပြောင်းရန် အမိန့်ချထားသဖြင့် ဖြစ်သော မြို့တစ်မြို့သို့ရောက်၍နေသည်ဟု သတင်းရရှိလေ၏။ ထိုနေ့မှစ၍ မယ်ရွှေကို သတင်းမကြားရတော့ ပေ။ မယ်ရွှေ ထိုကဲ့သို့ပျောက်နေသည်မှာ နှစ်ပေါင်း ၂၀ မျှကြာ၍သွား လေ၏။

mgyoe.com

mgyoe.com

နှစ်ပေါင်း နှစ်ဆယ်လောက်ကြာသောအခါ သရက်ကုန်းမြို့သို့ မြို့အုပ်တစ်ယောက်ပြောင်းလာလေ၏။ မြို့အုပ်ကတော်နှင့် မြို့အုပ်သည် တစ်နေ့သ၌ အိမ်ရှေ့တွင် ကုလားထိုင်နှင့်ထိုင်ကာ လူကြီးလူကောင်းများနှင့် စကားပြောနေကြစဉ်.....မိန်းမတစ်ယောက်သည် တောင်ဝှေးကို ထောက်လျက် ချည့်နဲ့ယိမ်းယိုင်ကာ လျှောက်၍လာသည်ကို မြို့အုပ်ကတော်ဖြစ်သူ မြင်သဖြင့် တစ်စုံတစ်ယောက်နှင့်တွေ့လိုသည်ထင်၍ ဒီမိန်းမဟာ ဘယ်သူလဲ' ဟု မေးလေသည်။ အနီးရှိမိန်းမကြီးတစ်ယောက်က 'မဖွား .... အင်မတန်တော်တဲ့မိန်းမပဲ၊ အခုမကျန်းမာလို့ ဒုက္ခိတ ဖြစ်နေရှာတယ်'

မြို့အုပ်ကတော်။ ။ 'ခေါ်လိုက်စမ်းပါဦးရှင်'

မိန်းမကြီးက ခေါ်လေရာ မဖွားသည် အပါးသို့ ကပ်၍လာလေ၏ ။

မယ်ရွှေက 'မဖွား ကျွန်မကို မှတ်မိသေးလား'

မဖွားသည် မှတ်မိသော အမှုအရာမရှိသဖြင့် စကားပြန် မပြောဘဲ သွားတော့မည့်ဟန် ပြင်လေ၏။

မယ်ရွှေ။ ။ 'မဖွား ..... ကျွန်မ မယ်ရွှေလေ၊ ဟောသည်မှာ မြို့အုပ် ကိုငွေမြ မှတ်မိပလား' ထိုအခါ မဖွားသည် မျက်ရည်လေးမစမ်းတစမ်းနှင့် နေလေ၏။ မယ်ရွှေသည် အားကိုးရန်မရှိသော မဖွားကို ကြည့်ရှုကျွေးမွေး၍ထားလေ၏။

●●●

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# ဒလဘက်သီး သုံးလုံး

ဘိုးထူး သည် မခင် ကို ရူးမတတ်ကြိုက်နေလေ၏။

မခင်သည် မအိုသေးတဲ့သူ အပျိုကလေးနဲ့တူ ဆိုအပ်သည့် တစ်ခုလပ်မိန်းမကလေး တစ်ယောက်ဖြစ်လေ၏။ ဘိုးထူးမှာကား အသက်သုံးဆယ်ကျော်သော လူပျိုကြီးဖြစ်ရာ စာရေးကြီးကိုထူး ဆိုလျှင် လူတိုင်းသိကြလေ၏။ မခင်မှာ အသက်အစိတ်အရွယ်မျှသာရှိသေး၍ ကွယ်လွန်သူအသက်ငါးဆယ်ကျော် စပါးပွဲစားကြီး၏ ကျေးဇူးကြောင့် ကြွယ်ကြွယ်ဝဝ၊ လှလှပပ၊ အသားအရေ မဆုတ်မယုတ် ကျန်ရစ်သူဖြစ်လေရာ ကိုယ်ပိုင်အိမ်တစ်လုံးနှင့် တိမ်မဖုံးလသာလျက် သူ့ထက်ငါ စာရေးတွေ၊ စာချီတွေ၊ ကောလိပ်ကျောင်းသားတွေ အိုင်အေ၊ ဘီအေ စာရေးကြီးတွေ ဝိုင်းရံ မျက်စောင်းထိုးခြင်းကို ခံ၍ နေရသူ ဖြစ်လေ၏။

ဘိုထူးသည် လူပျိုကြီးအဖြစ်ကို အတော်ပင် ငြီးငွေ့နေရာမှ ထိုကဲ့သို့ ထူးမြတ်သော စားမြိန်စာထုပ်ကို တွေ့ရသောအခါ မခင်အတွက်ဆိုလျှင် ဘာကိုမဆို ဆောင်ကြဉ်း၍ ပေးဖို့ရန် အသင့်ရှိခဲ့လေ၏ ။

mgyoe.com

mgyoe.com


တစ်နေ့သ၌ မခင်၏အိမ်၌ နှစ်ကိုယ်တည်းတွေ့ကြရာတွင် 'ခင်ဘာကိုများလုပ်ပေးရမလဲ၊ ဘာများလိုချင်တာရှိလဲ'ဟု မေးလေ၏။

'ဘာမှ လိုချင်တာ မရှိပါဘူး၊ ဘာများလုပ်ပေးချင်လို့လဲ ကိုထူးရဲ့'

'လုပ်ပေးချင်တာပေါ့လေ၊ ချစ်တဲ့သူအတွက်ဆိုတော့ ဘာမဆို အို ... အကုန်လုပ်ချင်တာပဲ'ဟု ဘိုးထူးက ခပ်ပြုံးပြုံးလုပ်၍ဖြေလိုက်လေ၏။

မခင်သည် ဘိုးထူးအား ခြေဆုံးခေါင်းဆုံးကြည့်ပြီးနောက် 'တယ် အစွမ်းကောင်းပါကလား ကိုထူးရဲ့၊ ကိုထူးခေါင်းမှာလည်း ခေါင်းပေါင်း မပါပါကလား' ဟု ကြိတ်၍ ကျေနပ်သော အမူအရာဖြင့် ပြောလိုက်လေ၏။

'ဦးထုပ်ပါပါတယ်၊ ဘယ်ကိုသွားရမလဲ၊ ပြောသာပြောပါ'

'ဒါလောက်တောင်ပဲ သွားချင်သလား' ဟု မခင်က ရယ်၍ မေးလေ၏။

'သွားချင်တာပေါ့၊ ခင့်အတွက်ဆိုရင် ဘယ်ကိုမဆိုသွားမှာဘဲ၊ ဟိမဝန္တာတောင်ထိပ်မှာ ပေါက်နေတဲ့ ကြာပန်းကလေးကိုပဲ လိုချင်တယ်ဆိုရင် ဖိနပ်မပါ၊ ထီးမပါဘဲ ခြေလျင်တက်နိုင်ပါတယ်။ ဒါမှမဟုတ်လို့ မိုးပေါ်က ကြယ်ကလေးတွေကိုမှ ပန်းကုံးသီပြီး ပန်ချင်တယ်ဆိုရင် တစ်လုံးပြီးတစ်လုံး ဖြုတ်ယူပြီးပေးနိုင်ပါတယ်၊ ပြောသာပြောပါ ဘာကိုလိုချင်လို့လဲ'ဟု ဘိုးထူးသည် စိတ်အားထက်သန်စွာပြန်၍ ပြောလေ၏။

'အဟုတ်လား ကိုထူးရဲ့'

'ဟုတ်ပါသော်ကောဗျာ၊ ဟုတ်ပါသော်ကော'

ဘိုးထူးသည်ကား မြေလတ်မှ ရန်ကုန်မြို့သို့လာ၍နေကာ

mgyoe.com

mgyoe.com


ရန်ကုန်မြို့တွင် လည်အားမွတ်အားကြီးသည့်အတွက် မခင်နှင့်မတွေ့ မချင်း လူပျိုကြီးဖြစ်၍နေရခြင်းဖြစ်လေ၏။

'ဒီလိုဖြင့်ရင် ကျွန်မအတွက် အမှန်ဆောင်ကြဉ်းပေးနိုင်မယ်ဆို ရင် ကျွန်မ ဒလဘက် သရက်သီးများ စားချင်လိုက်တာ ကိုထူးရယ်၊ ရှင် ရှာပေးနိုင်ပါ့မလား'

ဘိုးထူးသည် စဉ်းစား၍ နေလေ၏။

'အောင်မယ် မင်း ခင်ရယ်၊ အခု ဝါခေါင်၊ တော်သလင်းလကြီး ပါကလား၊ သရက်သီးရှိတော့မယ် မထင်ပါဘူး၊ ရှိရင်လည်းပဲ ခင်နဲ့ တည့်မယ်မဟုတ်ပါဘူး၊ အခု အချိန်သွားဝယ်ရင် ရမှာလည်းမဟုတ် ဘူး၊ ရတောင် ညကျမှစားရမှာ၊ အဲဒီတော့ကာ ဝမ်းဗိုက်တွေဘာတွေ နာနက်ကုန်ရင် ဘယ့်နှယ်လုပ်ပါ့မလဲ၊ ခင့်နှယ်၊ ခင်ရယ် ... ဒလဘက် သီးကိုမှ ချဉ်ခြင်းဖြစ်တတ်ပလေတယ် ပွဲစားကြီးကများ.....'

'အို ... ကိုထူးကလည်းပဲ ကြံကြံစည်စည်၊ကျွန်မအခုမှ ဒလ ဘက်သီးကိုစားချင်တာမဟုတ်ပါဘူး၊ အရင်ကလည်း အမြဲမပြတ် အိမ်မှာ ထားတာပဲ'

'မဖြစ်နိုင်တာဘဲ ခင်ရယ်၊ အချိန်အခါလည်းမဟုတ်ဘူး' ဟု ဆိုပြီးမှ မိမိမရှာနိုင်ခြင်းကို သိလျှင် လူညံ့ဖြစ်မည်စိုး၍ 'နို့ မင်းဂွတ်သီး ကိုရော' ဟု လွှဲ၍မေးလိုက်လေ၏။

'မစားချင်ပေါင်'

'နို့ ဒူးရင်းသီးကိုရော'

'မစားချင်ဘူး'

'သစ်တော်သီးကိုရော'

'သာ့ပြီးမစားချင်သေးတယ်'

'နို့ ဘာစားချင်သလဲ'

mgyoe.com

mgyoe.com


'သရက်သီးကိုမှ စားချင်တယ်'ဟု ပြောလိုက်သဖြင့် ဘိုးထူးမှာ စိတ်အပျက်ကြီးပျက်ကာ 'အဲ ... ဒါမှအခက်' ဟုဆိုပြီး စကားအဆုံးမသတ်ဘဲနေလျက် အတန်ကြာတွေဝေ၍ နေပြီးမှ 'ကိုင်းဗျာ ဒီလိုဖြင့်ရင် ရှာပြီးပေးရတာပေါ့' ညည်းတွားသောအသံဖြင့် ပြောလိုက်လေ၏။

ထိုညနေတွင် ဘိုးထူးသည် ရန်ကုန်မြို့ တစ်ဈေးလုံးရှိ သစ်သီးဈေးဆိုင်များမှာ သရက်သီးကို လိုက်လံရှာလေ၏။ အဘယ်မှာမျှ မတွေ့ရပေ။ နောက်ဆုံး၌ ရှေးအခါက မတွေ့ရသောဆိုင်အသစ်တစ်ခုကို တွေ့ရလေ၏။ ထိုဆိုင်မှာ နိုင်ငံခြားစားကုန်သောက်ကုန်များ ရောင်းချသော အင်္ဂလိပ်ဆိုင်ရဟူဒီဆိုင်များလို ပထမစတင်၍တည်သော မြန်မာဆိုင်ဖြစ်လေရာ ဘိုးသက်ဘရားသား ဟု ခေါ်လေသည်။ ၎င်းဆိုင်မှာ အရက်အမျိုးမျိုး၊ သစ်သီးအမျိုးမျိုး၊ စားဖွယ်သောက်ဖွယ်အမျိုးမျိုးကို အကြီးအကျယ်ရောင်းသောဆိုင်ဖြစ်လေ၏။

ဘိုးထူးသည် ထိုဆိုင်ကိုကြည့်ကာ အံ့သြလျက် မျိုးချစ်စိတ်မာန်တက်မိလေ၏။ 'ငါတို့လူမျိုးများလည်း ဤလိုဆိုင်မျိုး ဖွင့်နိုင်ပေတာပဲ၊ ဖွင့်နိုင်မှာပလေ၊ ငါတို့လူမျိုးသည် သည်လောက်မွဲသေးတာမှ မဟုတ်ဘဲကိုး၊ သည့်ဆိုင်ရှင်ဟာ လူလိမ္မာပဲ၊ ဘိုင်စကုပ်ကုမ္ပဏီတွေနဲ့တော့ ဒီလိုကုမ္ပဏီမျိုးက ပိုပြီး ဟန်ရတာပဲ၊ ဣန္ဒြေလည်းရှိတယ်၊ ပိုပြီးတော့လည်း ဂုဏ်ရှိတယ်၊ အမြတ်လည်းပိုပြီး ကျိန်းသေတယ်၊ ရုပ်ရှင်တွေက အသုံးမကျတဲ့တားတွေကို ထုတ်တယ်၊ သည်ဆိုင်မျိုးက တကယ့် ဝီစကီအစစ်ကိုရောင်းတယ်၊ အဲဒါမှ အဖိုးတန်၊ ငါဝင်၍ကြည့်ဦးမှ ရေးပုံတော်လုလိမ့်မကိုး'ဟု အောက်မေ့ကာ ဘိုးသက်ဘရားသားကုမ္ပဏီ၌ရှိသော သစ်တော်သီးများကို ဝင်၍ ကြည့်လေ၏။

ဆံထုံးထောင်ထောင်၊ ဆံမြိတ်ဖားဖား ကောလိပ်သူအလားအသွင်ရှိသော မိန်းမကလေးတစ်ယောက်သည် ခရီးဦးကြိုပြုကာ'ဘာ

mgyoe.com

mgyoe.com

အလိုရှိသလဲ အစ်ကိုကြီး'ဟု မေးလာလေ၏။

ဘိုးထူးသည် သစ်သီးများကို လည်ညှိုးထိုးလျက် 'ဟိုခြင်းထဲက ဘာသီးတွေလဲ'ဟု မေးလိုက်လေ၏။

'ဩစတြေးလျက သစ်တော်သီးတွေပါ၊ အင်မတန် လတ်ဆတ်ကောင်းမွန်ပါတယ်'

'မှန်းစမ်း ... ဟိုခြင်းကကော'

'ဟိုခြင်းက အမရပူရက စပျစ်သီးတွေပါ၊ ဟောဒါက ကက့်ရှမီပြည်က စပျစ်သီး၊ ဟောဒီခြင်းက သရက်သီးရှင့်၊ သုံးလုံးစီပါတယ်၊ ဘူးလိုက်ယူမှ ရောင်းပါတယ်'

'အောင်မယ် ဒလဘက်သီးတွေပါကလား၊ ဒီရာသီမှာ ဘယ်က ရသလဲ'

'ကျွန်မတို့က ရာသီသီးများသာ မကဘူး၊ ရာသီမဟုတ်တဲ့ အသီးများကိုလည်း ဘယ်အရပ်မှာမဆို မရမက ရအောင် ဝယ်ပြီး ထားပါတယ်။ တချို့လည်း ခာတ်စာအတွက် လာဝယ်ကြတာကိုး၊ ကျွန်မတို့ ဒလဘက်သီး ၁၂ လုံးကို ပုသိမ်နယ်က ရခဲ့တယ်။ ဒီစက္ကူ သေတ္တာမှာ သုံးလုံးရှိပါတယ်။ အဲဒီ သုံးလုံးကို သုံးလုံးစလုံးယူမယ့်လူမှ ကျွန်မတို့ ရောင်းပါတယ်'

'သုံးလုံး ဘယ်လောက်လဲ'

'ကျွန်မတို့ကိုယ်ပိုင်မဟုတ်ပါဘူး၊ သူ့သခင်ရှင်က သုံးလုံးကို ဆယ့်နှစ်ကျပ်နဲ့ရောင်းပါလို့ မှာသွားတယ်'

ဘိုးထူးသည် နံဘေးအိတ်ထဲသို့ နှိုက်ကာ သားရေအိတ်ကို ထုတ်လေ၏။ သားရေအိတ်ကို ဖြဲ၍ကြည့်ပြီးမှ မျက်နှာမှာ ညှိုးငယ်၍ သွားလေ၏။ အကြောင်းမူကား ထိုသားရေအိတ်၌ အစွန်းထွက် ငွေ နှစ်ကျပ်သာ ပါရှိသည်ကို တွေ့ရှိရလေ၏။ ထိုမှတစ်ပါး အခြားမရှိ

mgyoe.com

တော့သဖြင့် ဘိုးထူးကြံရာမရတော့ပေ။ သို့သော် ဟန်လုပ်ကာ အိတ်ရှိ သမျှကို နှိုက်လေ၏။ ထိုနောက် ‘တူမရေ ကိုကြီးတော့ ခက်ပြီ၊ ပျာယီးပျာယာနှင့်ငွေစက္ကူကို ဘယ်မှာ ထည့်ခဲ့မှန်းမသိဘူး’ ဟု ပြော ကာ ဆက်လက်၍ မိမိကိုယ်၌ရှာဟန်ဆောင်လေ၏။ ငွေမပါကြောင်း ကိုကား သိပြီးဖြစ်ခဲ့လေ၏။ ငွေနှစ်ကျပ်နှင့်သရက်သီးကို ရလိမ့်မယ်ဟု မျှော်လင့်၍လာခဲ့ခြင်းဖြစ်လေ၏။ ‘နို့ ဦးလေးတော်တော်ကြာ လာပေး ပါ့မယ်။ ဒီသရက်သီးသုံးလုံးကိုသာ ပေးလိုက်ပါ’ဟု ပြောလေ၏။

‘ကျွန်မတို့ ပစ္စည်းမဟုတ်လို့ပါ၊ ဟုတ်ရင်ပေးပါတယ်’ ဟု မိန်းကလေးက ပြန်၍ ပြော၏။

‘အစ်ကိုကြီးဟာ ဂုဏ်သရေရှိလူကြီးလူကောင်းပါ။ တူမကို မလိမ်ပါဘူး။ ဦးလေးဟာ ဘုံဘေဘားမားမှာ စာရေးကြီးပါ။ တစ်လ နှစ်ရာ့ငါးဆယ်ရပါတယ်။ နာမည်အပျက်မခံပါဘူး။ အစ်ကိုကြီးမိန်းမ က ပူဆာလွန်းလို့ပါ တူမရဲ့။ ဟောဒီမှာ အစ်ကိုကြီးရဲ့ကပ်စက္ကူ’ ဟု ဆိုကာ မိမိနာမည်၊ နေရပ်ရိုက်ထားသောကဒ်ပြားကလေးကို ထုတ်၍ ပေးလိုက်လေသည်။

သို့ပြောသော်လည်း ဆိုင်မှထွက်၍ လာသောအခါ ဒလဘက် သီး မပါခဲ့ပေ။

ဘိုးထူးသည် မရနိုင်ခြင်းကို စိတ်အိုက်မနေနိုင်တော့ဘဲ အေးအေးဆေးဆေး တွေးလိုက်သောအခါ ဤကဲ့သို့ဖြစ်ခြင်းသည် လည်း ငါကောင်းဖို့ပေပဲ။ မိန်းမဆိုတာ ကနဦးကတည်းက အလိုလိုက် လျှင် အရှည်သဖြင့် အမိုက်စော်ကားကြတာမျိုး၊ မိန်းမဆိုတာ ဦးကျိုးမှ တော်ရုံရှိတာ။ မသားနဲ့ နွား၊ မသနားကောင်းတဲ့စသည်ဖြင့် တွေးတော ကာ ရပ်၍နေလေ၏။ သို့ရပ်ရင်း တောင်ကိုကြည့်၊ မြောက်ကိုမျှော် သရက်သီးတော့ ရတော့မှာ မဟုတ်ဘူးဟု အောက်မေ့နေလေ၏။

mgyoe.com

mgyoe.com

ထိုအခက် တစ်စုံတစ်ယောက်ကျောကို ပုတ်လျက် 'အိုင့်ဆေး ကိုထူး ဘယ်သွားမလို့ စိတ်ကူးနေတာလဲ'ဟု မေးသံကို ကြားလိုက်ရ သဖြင့် ဘိုးထူးသည် နောက်သို့ချာကနဲလှည့်လိုက်လေ၏။

'ဟ ... ကိုထွန်းမောင်ပါကလား' ဟု ပြောကာ သားသားနားနား ဝတ်ဆင်လာသော ထွန်းမောင်ဆိုသူ၏လက်ကို ကိုင်ဆွဲကာ နှုတ်ဆက် နေလေ၏။

'ခင်ဗျား ဘာလုပ်နေသလဲ'ဟု ထွန်းမောင်က မေးလေ၏။

'ဝယ်စရာချမ်းစရာကလေးရှိလို့ လာတာပါပဲကွာ'

'ဒီလိုဖြင့် လာဗျာ၊ အိမ်ကိုလိုက်ခဲ့ပါ၊ ကျုပ်တစ်ယောက်တည်း လက်ဖက်ရည်သောက်ရတာ ပျင်းလို့ပါ'

ဘိုးထူးသည် ထွန်းမောင်ခေါ်ရာသို့ စိတ်မပါ့တပါလိုက်၍ သွားလေ၏။ မကြာမီ ထွန်းမောင်၏ သားနားကျယ်ဝန်းသောအခန်း ကိုရောက်၍သွားလေ၏။ ထွန်းမောင်သည် ဘိုးထူး၏ ကြွယ်ဝသော သူငယ်ချင်းများအနက် တစ်ယောက်ဖြစ်လေ၏။ ဘိုးထူး၏စိတ်၌ ထွန်းမောင်အခန်းကို ဝင်လျှင်ဝင်ချင်း 'ဒီအကောင်တော့ ဒလဘက်သီး ကို ဝယ်နိုင်မှာပဲ'ဟု တွေးမိလေ၏။

သို့..... တွေးခိုက်တွင် အကြံတစ်ခု ပေါ်လာသဖြင့် 'ကြွယ်ဝ တာများလည်း သနားစရာပဲ'ဟု ဦးခေါင်းကို လှုပ်ခါရင်း ဝမ်းနည်းသော လေသံမျိုးဖြင့် ပြောလေ၏။ 'ငွေတွေ ပေါအားကြီးတော့ သည်ငွေတွေ နဲ့ ဘာကို လုပ်ရမှန်းမသိဘဲ ငြီးငွေ့နေမှာပဲ၊ ထွန်းမောင် .....မင်းလို လိုချင်တာကို လွယ်လွယ်ကူကူရတဲ့ဘဝဟာ စွန့်စွန့်စားစား ဘာမှ မလုပ်ခဲ့ရတဲ့အတွက် သွေ့သွေ့ခြောက်ခြောက် ဖြစ်နေမှာပဲ....'

'ကျုပ်တော့ ပျော်တယ်ဗျ၊ ယုံချင်ယုံ၊ မယုံချင်နေ၊ ငွေရှိမှ ထင်သလိုနေနိုင်တာပဲ'

mgyoe.com

'စင်စစ်တော့ ..... ငွေဟာ ချမ်းသာခြင်းကို မပေးပါဘူး၊ မင်းလိုချင်တာကို ငွေပေးတိုင်းရမှာလား၊ ငွေရှိလို့ ထင်သလိုနေနိုင်မှာလား၊ ငွေရှိတိုင်း ကြိုက်ရာမိန်းမကို ရမှာလား၊ ငွေရှိရုံနှင့်စိတ်ကျေနပ်နိုင်ပါ့မလား၊ ကိုင်း..... မင်းပြောစမ်း''

'ကျေနပ်တာပေါ့ဗျာ၊ ကျေနပ်နိုင်တာပေါ့'

'မှားတာပေါ့မောင်၊ ငါတော့ ငွေကို အင်မတန်ကြီးအဖိုးတန်တယ်လို့ မထင်ပါဘူး။ မိန်းမကောင်းတစ်ယောက်ရဲ့အချစ်ကို ငွေပေးလို့ရမှာလား.....'ရွှေပေးလို့မရ'ဆိုတဲ့ဇာတ်ကို မင်းကြည့်ဘူးရဲ့လား၊ ငွေနဲ့ ကျန်းမာခြင်းကို ဝယ်လို့ရမလား၊ မင့်ငွေနဲ့ ဒလဘက်သီးကိုတောင် ဝယ်လို့ရမှာမဟုတ်ဘူး' ဟုအမျှားကြီးဆွယ်ခဲ့ပြီး လိုရင်းကိုမေးလိုက်လေ၏။

'ဘာပြောတယ် ...... ဘာသီး'

'ဒလဘက်သီး.....အခုရာသီမှာ .....အခုရာသီမှာ'

'ရနိုင်တာပေါ့ဗျာ၊ ပိုက်ဆံရှိတာ ဘာမဆို ရနိုင်တာပေါ့'

'ဟေ့ ထွန်းမောင် ...... မကြွားစမ်းပါနဲ့ကွာ၊ ငါတော့ရမယ်မထင်ဘူး'

'ခင်ဗျား မဟုတ်တာ ပြောနေတာပဲ၊ အခု ဒလဘက်သီးနဲ့ လက်ဖက်ရည်သောက်ရအောင် ကျုပ်လုပ်ပေးမယ်လေ'

'မင်း မရစေဘူး ......လာ လောင်းမယ်၊ ငွေတစ်ကျပ်ကြေး'

'တစ်ကျပ်ကြေးနော် ..... စိန်လိုက်'

ထွန်းမောင်သည် ခေါင်းလောင်းကို နှိပ်လိုက်လေ၏။ ၎င်း၏ အစေခံထွက်လာလေ၏။ 'ဟေ့ အောင်ဘ ..... အခု လက်ဖက်ရည်နဲ့ သောက်ရအောင် ဒလဘက်သီး သွားပြီး ဝယ်လိုက်စမ်းကွာ'

'ကောင်းပါပြီ ဆရာ'

mgyoe.com

ထွန်းမောင်သည် အောင်မြင်သောအမူအရာနှင့် ခါးကိုဆန့်ကာ ကုလားထိုင်နောက်မှီကို မှီ၍ထိုင်လေ၏။

'ကိုင်း ..... ဘယ်နှယ်ရှိစ၊ ကျုပ်လူသွားပြီ'

'ကောင်းပါပြီမောင်၊ ကိုယ်တို့ကတော့ ဒလဘက်သီးကို မြင်မှ ယုံတော့မှာပဲ'

ထို့နောက် မိနစ်အနည်းငယ်အတွင်း ဒလဘက်သီးများကို မြင်ရလေ၏။

'ဟာ ..... ဟုတ်တယ်ဟေ့၊ ငါရှုံးပြီ၊ မင်းကို ငါသည်လောက် တတ်နိုင်မယ်လို့ မထင်ဘူး။ ရော့ ..... ငွေ တစ်ကျပ်'ဟု ဒင်္ဂါးကို ပစ်၍ပေးလိုက်လေ၏။

'ကျေးဇူးပါဆရာ၊ သဒ္ဓါကြည်ဖြူ ရှိရဲ့လား'

'ကြည်ဖြူပါတယ် မောင်၊ ကျေကျေနပ်နပ်ပါ'

ဘိုးထူးသည် လက်ဖက်ရည်ပွဲရောက်၍လာသည့်တိုင်အောင် အကြံထုတ်၍ နေလေ၏။ အကြံကား ..... မပေါ်၊ ကံသာလျှင် မျှော်ကိုးရာရှိတော့သည်ဟု အောက်မေ့စ ပြုမိတော့၏။ မျှော်ကိုးရာဖြစ်သော ကံသည် ထက်ကြပ်မကွာ လိုက်ပါ၍ လာလေ၏။

ထွန်းမောင်သည် သရက်သီး တစ်လုံးကို စိတ်လေ၏။ ကျန် နှစ်လုံးမှာ 'ဘိုးသက်–ဘရားသား'ဟု စာတမ်းထိုး၍ ထားသောစက္ကူ သေတ္တာမှာပင် ရှိလေ၏။ သရက်သီးများကို စိတ်၍ ပြီးသည်နှင့် တစ်ပြိုင်တည်း ထွန်းမောင်၏ တယ်လီဖုန်းသည် ပြင်းထန်သောအသံ နှင့် မြည်ခေါ်လေ၏။ ထွန်းမောင်သည် မြေပွဲစား၊ အိမ်ပွဲစားအလုပ် ကို လုပ်သူဖြစ်လေ၏။ တယ်လီဖုန်းရှိရာသို့ ဘိုးထူးကို နှုတ်ဆက်၍ ထသွားလေ၏။

ဘိုးထူးသည် စက္ကန့်အနည်းငယ်အတွင်း သရက်သီးနှစ်လုံးရှိ

mgyde.com

mgyoe.com

သော စက္ကူသေတ္တာကို ယူကာ အခန်းပြင်သို့ လျင်မြန်စွာ ထွက်လေ၏။ အခန်းဝ၌ ခဏရပ်နေပြီးနောက်'ဟေ့ ... အောင်ဘ၊ ငါ့အရေးကြီးတဲ့ကိစ္စအတွက် ချိန်းထားတာကို အခုမှ သတိရတယ်၊ ပြန်သွားကြောင်း ပြောလိုက်ပါ၊ ပြီးတော့ သရက်သီးနှစ်လုံးလည်းပဲ ငါယူသွားတယ်လို့ ပြောလိုက်ပါ၊ ငါ့အတွက် သူဝယ်ရှာတာပဲ၊ ငါယူသွားလို့ စိတ်မဆိုးပါဘူး'ဟု ပြောလေ၏။

'မိန့်တော်တိုင်းပါခင်ဗျား'

အောင်ဘသည် အပြောအဆို ယဉ်ကျေးသော မန္တလေးသားဖြစ်လေ၏။

ပေါ့ပါးသော စိတ်နှလုံး၊ ပေါ့ပါးသောခြေလှမ်းနှင့် ဘိုးထူးသည် တိုက်ပေါ်မှဆင်းပြီး လေကလေးများချွန်လျက် သရက်သီးသေတ္တာကို ကိုင်ကာ လျှောက်၍သွားလေ၏။ ထိုသို့သွားရင်း လူတစ်ယောက်၏ခါးကို သရက်သီးသေတ္တာနှင့် ဝင်၍တိုက်မိလေ၏။ ထိုသူက'ဟာ ဘယ့်နှယ်လုပ်တာလဲခင်ဗျား'ဟု ပြောပြောဆိုဆိုနှင့် ကျသွားသော သရက်သီးတစ်လုံးကို ကြေမွအောင်မတော်တဆနင်းမိလေ၏။

ထိုသူသည် သရက်သီးကိုမြင်လျှင် သုတ်သီးသုတ်ပျာနှင့် အနီးရှိတိုက်ထဲသို့ဝင်၍သွားလေ၏။ ကျန်တစ်လုံးမှာနံဘေးတာမြောင်းထဲသို့ကျမည့်ဆဲဆဲတွင် ဘိုးထူးကယ်သဖြင့် ကျောက်ပေါက်စကလေးအနည်းငယ်မျှသာရလျက် စက္ကူသေတ္တာထဲသို့ပြန်၍ ရောက်လေ၏။ ထိုအခိုက် မိန်းမတစ်ယောက်သည် နံဘေးအခန်းထဲမှ ထွက်ပြူ၍လာပြီး 'ရှင် ဒီသရက်သီးတွေကို ဘယ်ကရသလဲ'ဟု ခက်ထန်ရော်သောအသံနှင့် မေးလေ၏။ ၎င်းမိန်းမသည် ဘိုးသက်ဘရားသားဆိုင်ရှင်မိန်းမဖြစ်လေ၏။

'ကျုပ်မိတ်ဆွေတစ်ယောက် လက်ဆောင်ပေးတာပါ' ဟု

mgyoe.com

mgyoe.com

ဘိုးထူးက လျင်မြန်စွာ ပြောလေ၏။

'ဩော်.....ဟုတ်သလား'ဟု ထိုမိန်းမက သရော်သလို ပြန်၍ပြောကာ'အင်း.....ဒါဖြင့် ကာ မှန်နေပြီ၊ ရှင်စောစောက ဒီဆိုင် ဝင်တယ်မဟုတ်ဘူးလား၊ ခဏကလေး မျက်စိအလစ်မှာ ဒီသရက်သီး တွေ ပျောက်တာပဲ၊ အခု ကြည့်စမ်း' ဆိုလေ၏။

အထူးပြောရန် မလိုတော့ပေ။ လောက၌ ဤလိုထွေထူးဆန်း ကြယ်သော ခက်ခဲခြင်းများသည် ပြည့်နှက်၍ နေတော့၏။ ထိုအခက် ကလေးများသည် ဖြေရှင်းရန်ခက်ခဲပေ၏။ သို့သော်လည်း ဘိုးထူး သည် ဖြေရန် ကြိုးစားလေ၏။

ဆိုင်ရှင်မသည် မြင်လျှင်မြင်ချင်း ဘိုးထူး သူခိုးဖြစ်ကြောင်း ယုံကြည်လိုက်လေ၏။

'ရှင် ဘယ်ကိုမှမသွားနဲ့၊ ရှင် ဂတ်ကျမှဖြေ၊ အခုမဖြေနဲ့ဦး' ဟု ပြောလေ၏။

ထိုသို့ပြောလိုက်သော စကားများသည် ချောမောသောမိန်းမ တစ်ယောက်၏ စကားဖြစ်သောကြောင့် ဘိုးထူးမှာ ဘယ်ကိုမျှ မသွား ချင်သလိုလိုဖြစ်မိသော်လည်း မနေနိုင်တော့ပေ။ ထိုအချိန်၌ ဘိုးထူး သည် မိမိဘာကိုလုပ်မိသည်ဟု မစဉ်းစားနိုင်တော့ပေ။ ထိုအတွင်း ဝယ် အနီးအပါးသို့ တက္ကစီတစ်စင်းရပ်လာပြီး ဖြတ်၍သွားရာ ဘိုးထူး သည် တက္ကစီပေါ်သို့ လျင်မြန်စွာတက်၍ လိုက်ပါသွားသည်ကိုသာ တွေ့လိုက်ရပေတော့၏။

တက္ကစီထဲ၌ ဘိုးထူးမှာ နဖူးမှ ချွေးတဒီးဒီးကျ၍နေလေ၏။ စွပ်စွဲသော မိန်းမသည်ကား ဆိုင်တံခါးဝမှာနေ၍ ဖိနပ်ကိုမြှောက်ပြ ကာ နှုတ်ဆက်လျက် ကျန်ရစ်လေ၏။

'ရှင် အမောပြေရင် ကျွန်မ တက္ကစီထဲကထွက်မလား' ဟူသော

mgyoe.com

mgyoe.com

မကြည်ဖြူသော မိန်းမတစ်ယောက်အသံကို မိမိ၏အနားဌ် ကြားရသဖြင့် ဘိုးထူးမှာ ပျားတုပ်သလို ဖြစ်လျက် ငေါက်ခနဲအလန့်တကြား ထိုင်လိုက်လေ၏။

ထိုမိန်းမသည် ထဘီနက်နက်၊ အင်္ကျီနက်နက် ဝတ်၍ထားသော တရုတ်ကပြားမ ဖြစ်လေ၏။

'ကျွန်တော် မသိလို့ပါခင်ဗျာ၊ သည်းခံပါခင်ဗျား' ဟု ပြောလေ၏။

'အခုသိပြီ မဟုတ်လား'ဟု ထိုမိန်းမက ဘိုးထူးကို ပိုးလောက်တီကောင်ကဲ့သို့ ရွံရှာမုန်းထားသောအမူအရာဖြင့် ကြည့်ကာ ပြောလိုက်ပြီးနောက် ကားကို ရပ်ရန် အမိန့်ပေးလိုက်လေ၏။

'ကျွန်တော်သွားမှ တော်မယ်ထင်တယ်'ဟု ဘိုးထူးကပြောလေ၏။

ဤကဲ့သို့ သွားမည်ပြုသောအကြံကို တက္ကစီထဲက မိန်းမသည် တားမြစ်ကန့်ကွက်ခြင်းပြုလိုဟန် မရှိပေ။ ဘိုးထူးသည် တက္ကစီပေါ်မှ ဆင်းလေ၏။ တက္ကစီသည်လည်း ဆက်လက်၍သွားလေ၏။ သို့..... ကြည့်၍နေခိုက်တွင် မိမိ၏လက်ဌ် ထွန်းမောင်အိမ်က ဆင်းလာစဉ်ကကဲ့သို့ လေးလေးလံလံ မရှိကြောင်းကို သတိရလေ၏။ ဒုလဘက်သီးများကိုရအောင် အလွန်အကြူး အထူးကြိုးစားခဲ့ရပြီးမှ ဤကဲ့သို့ ဆုံးပါးခြင်းကို အေးအေးဆေးဆေးကြည့်၍နေနိုင်ဖို့ မရှိပေ။ ချက်ခြင်းပင် အခြားတက္ကစီတစ်စင်းကို လက်ရပ်၍ခေါ်လိုက်လေ၏။ အပါးကို ရောက်သောအခါ အတွင်းကို သေသေချာချာကြည့်လေ၏။ တက္ကစီဌ်လည်း မိန်းမတစ်ယောက်ယောက် ပါလိမ့်ဦးမည်လား.....ဟု ကြောက်ရွံ့မိဟန်ရှိပေ၏။ ၎င်းအောက် ကားပေါ်သို့တက်၍ ရှေ့က တက္ကစီကို မြန်မြန်လိုက်'ဟု ဒရိုင်ဘာအား ဆော်၍ပြောလေ၏။

mgyoe.com

mgyoe.com


တက္ကစီမောင်းသမားသည် ခေတ်ကာလပေါ် စုံထောက်ဝတ္ထု များကို များစွာ ဖတ်သူဖြစ်ဟန်ရှိပေ၏။ ၎င်း၏စိတ်ထဲတွင် အဘယ် ကဲ့သို့သောအခြေအနေဖြစ်သည်ကို ချက်ချင်းရိပ်မိလေ၏။ ဝတ္ထုထဲ တွင် စုံထောက်များ တက္ကစီကို ငှားပြီး ဤကဲ့သို့ အမိန့်ပေးတတ် ကြောင်းကို အများကြီး ဖတ်ရှုဖူး၍ ယခုအခါ မိမိတက္ကစီထဲသို့ စုံ ထောက်ရောက်ကာ ကိုယ်တွေ့ဖြစ်လေပြီဟု အောက်မေ့သည့်အလား၊ အားတက်သရော ကလပ်ချ်မှ ခြေကို ခွာလိုက်လေ၏။

လိုက်ရသောခရီးသည် တိုတောင်း၏။ ထိုခရီး၌ တစ်စုံတရာမှ မဖြစ်ခဲ့ပေ။ ရှေ့တက္ကစီကို ချောမောစွာမီလေ၏။ ထိုတက္ကစီသည် ရန်ကုန်မြို့ အနောက်ပိုင်းတိုက်ကြီးတစ်ခု၏ ရှေ့၌ထိုး၍ရပ်လေ၏။ ဘိုးထူး၏ တက္ကစီလည်း ထိုတက္ကစီရပ်သောနေရာမှ ကိုက်ငါးဆယ်ခန့် ခွာ၍ ရပ်လေ၏။

ဘိုးထူးသည် တက္ကစီသမား အခကို ပေး၏။ တက္ကစီသမား သည်ကား ..... များစွာ ကျေနပ်ဟန် မရှိပေ။ သို့အတွက် ထပ်၍ တောင်းမည်ကြံ၏။ ဘိုးထူးသည်ကား လက်ကိုဝင့်ကာ နှင်၍ပစ်လိုက် လေ၏။

ထိုအခိုက် ရှေ့က တက္ကစီပေါ်က မိန်းမသည် ကားထဲမှ ဆင်း၍ တိုက်ပေါ်သို့တက်သွားသည်ကို ဘိုးထူးကြည့်၍နေလေ၏။ အထုပ် များအနက် 'ဘိုးသက်ဘရားသား' တိုက်မှ ဒလဘက်သီးထည့်သော စက္ကူသေတ္တာကိုလည်း တွေ့မြင်ရလေ၏။

ဘိုးထူးသည် အဘယ်ပုံကြံရမည်ကို စဉ်းစားခန်း ထုတ်၍ နေလေ၏။ တည့်တည့်ကြီးလျှောက်၍သွားပြီး အထုပ်ကို တောင်း၍ လည်း ဖြစ်မည်မဟုတ်ဟု တွေးမိလေ၏။ ထိုမိန်းမ၏ မျက်နှာကို ထပ်၍ကြည့်ရမည်မှာ ခက်၍နေလေ၏။ တက္ကစီပေါ်က မဆင်းမီ

mgyoe.com

mgyoe.com


ငှင်းမိန်းမ မျက်နှာထားပုံကို ထောက်လိုက်သောအခါ အဆွေခင်ပွန်းကောင်းဖြစ်ဖို့ရန် လက္ခဏာအမူအရာ များစွာရှိသည်ဟု မဆိုနိုင်ကြောင်း သိခဲ့ရလေ၏။

ဘိုးထူးသည် မိမိ၏နာရီကိုကြည့်၏။ အိမ်မှ ထွက်၍လာခဲ့သည်မှာ နှစ်နာရီကျော်ကျော်ကြာကြောင်း၊ နာရီဝက်အတွင်းမှာ ရအောင်ကြံဖို့ အချိန်ရှိသေးကြောင်း သိရလေ၏။ သို့ရာတွင် တောင်မြောက်လေးပါးကို ကြည့်ရာမှာလည်း ခိုင်းစေရန် မည်သူ့ကိုမျှ မတွေ့ရပေ။ ထိုကြည့်နေခိုက်တွင် စိတ်ကူးဉာဏ်ပေါက်လာလေ၏။

ငါကိုယ်တိုင် သွားမှတော်မယ်၊ ဒီမိန်းမကို ငါတွေ့ချင်မှတွေ့မှာ၊ မိန်းမများ ခရီးသွားက အိမ်ကိုပြန်လာရင် နောက်ဘေးနောက်ဖီ ဝင်တတ်တာမျိုး၊ ငါမြန်မြန်သွားမှ တော်မယ်ဟု အောက်မေ့ကာ အမြန်သွားလေ၏။

သို့သွားရာ .....တိုက်ရှေ့သို့ ရောက်သောအခါ အခြားမိန်းမပျိုကလေးတစ်ယောက် တိုက်ပေါ်တက်သွားသည်ကို မြင်ရလေ၏။ ဘိုးထူးသည် ထိုမိန်းကလေးနောက်ကို ပြေး၍ လိုက်သွားလေ၏။

အနီးသို့ ရောက်သောအခါ .....

'ကလေးမကလေး နေပါဦး၊ အစ်ကိုကြီး ဘိုးသက်ဘရားသားတိုက်ကလိုက်လာပါတယ်၊ ခုတင်က ပြန်လာတဲ့ မိန်းမမှာ တစ်ခုခု မှားလာခဲ့တယ် ထင်ပါတယ်၊ ဒလဘက်သီးများဟာ တခြားလူဥစ္စာပါ' ဟု ပြောလေ၏။

'ရှင် ကျွန်မ ကြီးကြီးကို သူခိုးလို့ စွပ်စွဲတာလား'

'မဟုတ်ပါဘူး၊ အမှတ်တမဲ့ အထုပ်မှားသွားတယ် ထင်ပါတယ်၊ မှားပြီးယူတာကို တိုက်ရှင်က မြင်လိုက်လို့ပါ။ ပြီးတော့ တက္ကစီတစ်ခုနဲ့ ထွက်သွားတယ်လို့ ပြောပါတယ်။ သည့်အတွက် လွှတ်လိုက်လို့ လိုက်

mgyoe.com

mgyoe.com


လာတာပါ'

'ဟုတ်ကဲ့၊ ဟုတ်ကဲ့၊ ကျွန်မကြီးကြီး သည်တိုက်ကို ရောက်ခဲ့ပါတယ်၊ ကျွန်မသွားပြီးတော့ မေးလိုက်ပါဦးမယ်၊ ဘာသီးလဲ ..... သရက်သီးလား'

ဘိုးထူးသည် ခေါင်းညိတ်ပြလိုက်လေ၏။ ၎င်းမှာ စိတ်အေး၍ သွားလေ၏။

အကယ်၍ ထိုမိန်းမသည် ထိုဆိုင်ကိုမရောက်ချေက အများကြီး အပြောရခက်မည်ကို သိရှိလေ၏။ သို့သော်လည်း ၎င်းဆိုင်မှာ ဆိုင်သစ်ဖြစ်၍ လွန်စွာလည်း ကျော်ကြားသဖြင့် ရောက်လေမလားဟု အောက်မေ့ကာ စွန့်စား၍ လာရခြင်းဖြစ်ရာ၊ ယခုကား ထိုဆိုင်ကို ရောက်ကြောင်း သိရသောအခါ မိမိ၏ကံကြမ္မာသည် အင်မတန်ကြီး ဆိုးဝါးလှသည်မဟုတ်ကြောင်းကို သိရသဖြင့် သက်မကြီးချလိုက်လေ၏။

မကြာမီ မိန်းကလေးသည် ပြန်၍လာပြီး 'ရှင်ပြောတာမှန်တယ်၊ ဟောဒီမှာ ဟောဒါပဲ'ဟု ပြောကာ ပေးလေ၏။

ဘိုးထူးသည် အားရဝမ်းသာ ကျေးဇူးတင်လျက်ထွက်လာခဲ့လေ၏။

ထိုညနေခရီးမှာ အတော်ပင် ဒုက္ခများလျက် စိတ်အား ဉာဏ်အား ကိုယ်အားကို အတော်အသုံးပြုခဲ့ရသဖြင့် အိမ်သို့ပြန်၍ ရေမိုးချိုးပြီးမှ သရက်သီးကို မိမိ၏ချစ်သူအား သွား၍ပေးမည်ဟု ကြံစည်မိကာ သေတ္တာကို ပိုက်လျက် အိမ်သို့ ပြန်၍သွားလေ၏။ ၎င်းသည် အိမ်ကို ရောက်၍ ရေမိုးချိုးနေစဉ် ခြေသံပြင်းပြင်းနင်းတက်၍ လာသူ တစ်ယောက်ကို ကြားရလေ၏။

လူများမှာ အပြစ်တစ်စုံတစ်ရာရှိချေက ကြောက်စိတ်သည်

mgyoe.com

အလိုလို ပေါ်နေတတ်၏။ ဘိုးထူးမှာလည်း ကြောက်စိတ်ဖြစ်ပေါ်၍ နေလေတော့၏။

အခန်းတံခါးပွင့်၍လာသည်နှင့် တစ်ပြိုင်တည်း သစ်သီးထည့်သောသေတ္တာကို စားပွဲမှ လျင်မြန်စွာယူပြီး ၎င်း၏ ပက်လက်ကုလားထိုင်ခုံအောက်သို့ သွင်း၍ ထားလိုက်မိလေ၏။ အကြောင်းမူကား .....ခြေသံကို ကြားကတည်းက ဘိုးထူး၏စိတ်၌ သရက်သီး ..... သရက်သီး .....ဟု မြည်၍နေခြင်းကြောင့် ဖြစ်လေ၏။

'ဟလိုး ကိုဘိုးထူး ..... ကျုပ် ခင်ဗျားကို အိမ်မှာ တွေ့မှ တွေ့ရပါ့မလားလို့ အောက်မေ့မိတယ်'

'ဟဲလို..... ထွန်းမောင်ပါကလား၊ ဝင်ပါ .....ဘာကိစ္စများတုန်း'

'ကိစ္စတော့ တခြားမဟုတ်ပါဘူး၊ ဟိုဒလဘက်သီးများကြောင့်ပါပဲ'ဟု ဆိုကာ ကုလားထိုင်ပေါ်သို့ တက်၍ ထိုင်လေ၏။

'ဒလဘက်သီး၊ ဒလဘက်သီး'ဟု ဘိုးထူး၏ စိတ်၌မြည်မိပြီးမှ 'ဩော် ဒလဘက်သီးလား၊ အေး ..... ငါမှတ်မိပါရဲ့၊ ဒါဘာဖြစ်သလဲ' ဟု မေးလိုက်လေ၏။

'ကိုဘိုးထူး အဟုတ်ပဲ၊ ဒလဘက်သီးများကို လုချင်လို့လား'

'အို အင်မတန်ကြီးမလိုချင်ပါဘူး၊ သို့သော်လည်း ငါ့အတွက် သည်လောက်တောင် ကြိုးစားပြီးရအောင်ရှာခဲ့ရတော့ မယူဘဲနေရင် ရိုင်းရာကျမှာမို့ ယူလာရတာပါ'

'သည်လိုဖြစ်ရင် ကျုပ်ကိုပြန်ပေးနိုင်ရင် အတိုင်းထက် အလွန်ကျေးဇူးတင်မှာပဲ၊ ကျုပ်တစ်လုံးခွဲစားကြည့်တာ တယ်ပြီးကောင်းတာပဲ၊ ရင်ရင်တို့သားအမိလည်း ရောက်နေတယ်၊ ရင်ရင်က သရက်သီးကို အင်မတန်ကြိုက်တတ်တယ်၊ အခုလို အချိန်မဟုတ် ပေါ်တဲ့ ဒလဘက်သီးစားရရင် အင်မတန်သဘောကျမှာပဲ၊ ရင်ရင်အတွက်ပါ၊ သူတို့

mgyoe.com

mgyoe.com


ဒီနေ့ ငါနဲ့အတူ ထမင်းစားကြမလို့၊ တရုတ်ဟိုတယ်က စားစရာတွေတော့ မှာထားပြီ၊ ဒီသရက်သီးတစ်ခုပဲ လိုတော့တယ်'

ဘိုးထူးသည် ပြန်၍ ပြောရန်စကားကို အတန်ကြာညဏ်ထုတ်၍ စဉ်းစားရလေ၏။

'မိန်းမတွေကို အလိုမလိုက်ရဘူးကွ၊ ပါးစပ်အလိုကိုလိုက်တာဟာ အဆိုးဆုံးပဲ၊ စကတည်းက အရာရာမှာ အသုံးအစားချွေတာဖို့ကို သင်ပြရတာမျိုး၊ အခုအချိန်မှာ ဒလဘက်သီးနဲ့မိန်းမတစ်ယောက်ညစာကျွေးမယ်ဆိုတာ မင်းစဉ်းစားကြည့်စမ်း၊ အင်မတန်လွန်တာပဲ၊ ဒီလိုဟာမျိုးကို ငါတော့ တစ်ခါမှ မကြားဖူးဘူး၊ ပိုက်ဆံကွယ့် ပိုက်ဆံ၊ မင်းမဆင်းရဲသေးဘူးလို့ မသိတာ၊ ရှေ့ကိုလူလုပ်ဖို့ အများကြီး ရှိသေးတယ်၊ မိန်းမဆိုတာ ချစ်တော့ချစ်ရပါရဲ့၊ ငွေကြေးနဲ့ ပတ်သက်တဲ့နေရာမှာ သင်းတို့ကို လူကြားလို့ မကောင်းအောင်အလိုမလိုက်ရဘူး'

'ကျုပ်လည်း ဒလဘက်သီးကို ကြိုက်လို့ပါ၊ ခုတင်ကပဲ ငွေကြေးအကြောင်းကို ခင်ဗျား ဟို့နှယ်သည့်နှယ်ပြောပြီး အခုတော့ ဒါထက်အိမ်မှာ တစ်လုံးမှမရှိတော့ဘူး၊ တစ်မြို့လုံး ဆိုင်ရှိသမျှမှာ ကျုပ်တယ်လီဖုန်းနဲ့မေးခဲ့တယ်၊ တစ်နိုင်ငံလုံးမှာ ဒီသုံးလုံးသာရှိတယ်လို့ ကျွန်တော်ထင်တာပဲ'

'ဒီပုံတော့ကာ မင့်လူ အောင်ဘ၊ ဒီသရက်သီးကို ခိုးလာတာတော့ မဟုတ်ဘူးထင်ပါရဲ့'

'ဘယ်က ခိုးရမလဲ၊ ဘာပြုလို့ ခိုးတယ်လို့ ထင်ရသလဲ၊ သူ့သွားတုန်းကတော့ ဆိုင်ရှေ့မှာ လူမရှိဘူးလို့ ပြောတာပဲ၊ ကောင်တာပေါ်မှာ သရက်သီးအိတ်ကိုတွေ့လို့ ယူလာခဲ့သတဲ့၊ သူသွားတုန်းက ပိုက်ဆံမပါဘူး။ အခုမှပိုက်ဆံသွားပေးရတယ်၊ ကျုပ်လူခိုးတတ်တယ်လို့ ခင်ဗျားပဲ ထူးထူးခြားခြားတွေးတတ်ပလေတယ်၊ ဒီစိတ်ကူးကို ဘယ်ကများရပါ

mgyoe.com

mgyoe.com

လိမ့်မလဲ'

'ဘယ်ကရတယ်တော့ ငါမသိဘူး၊ ငါတွေးမိတာပဲ'

'ကိုင်းဗျာ ရှည်မနေပါနဲ့၊ ကျုပ်ကိုသာ သရက်သီးတွေကို ပြန်ပေးစမ်းပါ'

'ပြန်ပေးချင်တာပေါ့ကွာ၊ အင်မတိအင်မတန်ပြန်ပေးချင်တာပေါ့၊ အခုတော့ စားပစ်လိုက်မိလို့ မပေးနိုင်တော့ဘူး'

'အမယ်လေးဗျာ၊ အဟုတ်ပဲ စားပစ်လိုက်ပြီလား'

'အေး ... ငါအခုပဲ လက်ဖက်ရည်သောက်ရင်း စားတယ်၊ ကောင်းလိုက်တာ ထွန်းမောင်ရယ်၊ ဘယ်လိုကောင်းမှန်းမသိဘူး၊ ငါတစ်ကိုက် ကိုက်တိုင်း မင့်ကို သတိရပါတယ်'

'ကိုင်း ဒီလိုဖြင့် ရှိစေတော့၊ ဒီကနေ့ည ရင်ရင်တော့ သရက်သီးစားရတော့မှာ မဟုတ်ပါဘူး'

ထိုအခါမှ ဘိုးထူးသည် စိတ်အေးချမ်း၍သွားကာ 'ဒါအင်မတန်ကောင်းတာပဲ၊ မိန်းမတွေရဲ့ စိတ်အလိုကို မင်းဘယ်တော့မှ အလိုမလိုက်နဲ့'ဟု တင်းတင်းမာမာပြောလေ၏။

'ကိုင်း ကျုပ်လည်း သွားတော့မယ်'ဟု ပြောကာ ထွန်းမောင်သည် ကုလားထိုင်မှ ထလေ၏။ ထိုသို့ ထလိုက်ပြီးနောက် ထွန်းမောင်က 'ဟင်–ကျုပ်တစ်ခုခုကိုများ ထိုင်မိသလား'ဟု နောက်သို့ လှည့်ကြည့်ကာ မေးလေ၏။

'ဘာလဲ'

'ကျုပ်ထလိုက်တော့ ပျော့တော့တော့ ရွှတ်တွတ်တွတ်တစ်ခုခုကို ထိုင်မိသလိုပဲ၊ခုံအောက်မှာဘာလဲမသိဘူး၊ကျုပ်လှန်ပြီးကြည့်ဦးမယ်'

ဘိုးထူးမှာ မျက်နှာမပျက်ရအောင် မနည်း ဣန္ဒြေဆယ်လိုက်ပြီးမှ 'ကြည့်မနေပါနဲ့လေ၊ သွားသာသွားပါတော့၊ ဘာမှမရှိပါဘူး။

mgyoe.com


သတင်းစာများဖြစ်ပါလိမ့်မယ်၊ ဒါမှ မဟုတ်ရင်လည်း တစ်ခုခုပဲ၊ ကိုင်းသွားပေတော့၊ နောက်အခန့်သင့်ရင် ဝင်လာပါဦး၊ အိုး ... ဒါထက် ထွန်းမောင်'

ထွန်းမောင်သည် တံခါးဝမှာရပ်ကာ'ဘာလဲ'ဟုပြန်မေးလေ၏။

'ငါ ဒလဘက်သီးတွေအတွက် အများကြီးကျေးဇူးတင်ပါတယ်'

'နည်းနည်းပါးပါးများကျန်လျှင် ကောင်းလေသား'

'ဘယ်မှာ ကျန်နိုင်တော့မှာလဲ၊ အင်မတန် အရသာရှိတာပဲ'

ထွန်းမောင် ထွက်သွားသည်နှင့် တစ်ပြိုင်တည်း ကုလားထိုင်ရှိရာသို့ လှမ်းလှော၍ ကြည့်လေ၏။ ထွန်းမောင်၏ကိုယ်လေးကြောင့် သစ်သီးထည့်သောစက္ကူသေတ္တာမှာ မရွှမလှဖြစ်လျက် ရှုံ့မဲ့ပိပြားလျက်နေသည်ကို တွေ့ရလေ၏။ သေတ္တာထဲရှိ အရည်ရွှမ်းလှသည့်အသီးများ အသနီလန်လျက် မျက်ရည်ပေါက်ကြီးငယ်ကျကာ သရက်သီးနှင့် မတူအောင် ရုပ်ပျက်ဆင်းပျက်ဖြစ်နေသည်ကို တွေ့ရလေ၏။

'အလို ကိုဖြိုးပါကလား၊ ဘာကိစ္စလဲ'ဟု ဘိုးထူးသည် ထိတ်လန့်တကြား မော်ကြည့်ကာ မေးလေ၏။

'ဟိုမှာ သူငယ်မကလေးတစ်ယောက် ခင်ဗျားကို တွေ့ချင်လို့တဲ့'

'မတွေ့ပါရစေနဲ့ဗျာ၊ ကျုပ် ဒီကနေ့ ဘယ်သူ့မှ မတွေ့ချင်ဘူး'

'သူက သရက်သီး ကိစ္စဆိုလား အရေးကြီးတယ်ဆိုလား'

ဘိုးထူးသည် ဘိုးသက်ဘရားသားဆိုင်က မိန်းမကို သတိရလျက် များစွာ ထိတ်လန့်လေ၏။ ထိုနောက် 'မြန်မြန်တွေ့ရင် မြန်မြန်ကိစ္စပြီးမှာပဲ'ဟု အောက်မေ့လျက် ထွက်၍လာလေ၏။

သို့ရာတွင် ဘိုးထူးမှတ်ထင်သကဲ့သို့မဟုတ်၊ အနောက်ပိုင်းတရုတ်ကပြားမအိမ်က မိန်းကလေးဖြစ်သည်ကို တွေ့ရှိရလေ၏။

mgyoe.com